မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၉၁)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည်အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံမေးမြန်းနှုတ်ဆက်အားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်( ၆ )မှ ကျောင်းသား၊ ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ၄ ရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ★




အင်းဝဘဏ်လီမိတက်၏ စိန်ရတုဘဏ်ခွဲ ဖြစ်သော (၇၅)ဘဏ်မြောက် ပြည်ကြီးတံခွန်ဘဏ်ခွဲ အား အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများကို ဆတက်ထမ်းပိုး တိုးတက်အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်)

## မိတ်ကောင်းဆွေကောင်း အိမ်နီးချင်းကောင်း

လူတစ်ဦးချင်းစီ၏ဘဝခရီးတွင် မိတ်ကောင်းဆွေကောင်းများလိုအပ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်နေရသည့်ခရီးလမ်းတွင်လည်း မိတ်ကောင်းဆွေကောင်းရှိရန်လိုအပ်ပေသည်။ မိတ်ကောင်းဆွေကောင်းရှိနေခြင်းသည် မိမိတို့အတွက်ကိစ္စရပ်အလုံးစုံကိုပြီးမြောက်နိုင်သည်။ ရှေးပညာရှင်များက မိတ်စစ်၊ မိတ်ကောင်းလေးမျိုးရှိကြောင်း ရေးသားထားပါသည်။ စိတ်နှလုံးကောင်းစွာနှင့် ကျေးဇူးအထူးကိုသာ ပြုတတ်သော ဥပကာရမည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုး၊ စိတ်နှလုံးကောင်းစွာနှင့် ချမ်းသာဆင်းရဲကို အတူအမျှခံစားတတ်သော သမာနသုခဒုက္ခမည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုး၊ စိတ်နှလုံးကောင်းစွာနှင့် အကျိုးစီးပွားရှိသူကိုသာ ပြောဆိုညွှန်ပြတတ်သော အတ္တက္ခာယိမည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုးနှင့် စိတ်နှလုံးကောင်းစွာနှင့်အကျိုးစီးပွားကို မျှော်ဆပြီးလျှင် အစဉ်စောင့်ရှောက်တတ်သော အနုကမ္ပက မည်သော မိတ်စစ်မိတ်ကောင်းတစ်မျိုးဟူ၍ မိတ်စစ်မိတ်ကောင်းလေးမျိုးရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်ပေးလျက်ရှိသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍပေါင်းစုံတိုးတက်ပြီး တိုင်းပြည်သာယာဝပြောရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့နိုင်ငံတော်အတွက် အကောင်းဆုံးဆောင်ရွက်နေချိန်တွင် မိမိတို့နိုင်ငံကိုဝိုင်းကူဖေးမကူညီမည့် မိတ်ကောင်းဆွေကောင်းများလိုအပ်လှသည်။ မြန်မာစကားတွင် မကူညီချင်နေပါမနှောင့်ယှက်ပါနှင့်ဆိုသည့်စကားတစ်ရပ်ရှိသည်။ အချို့နိုင်ငံများမှာ ကူညီမှုမရသည့်အပြင် အနှောင့်အယှက်ပင်ကြီးမားစွာပြုလျက်ရှိသည်။ ထိုနိုင်ငံမျိုးသည် မြန်မာတို့အတွက် မိတ်ကောင်းဆွေကောင်းနိုင်ငံမဟုတ်ပါ။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏ ကောင်းကျိုးစီးပွားကိုအစဉ်ရှေးရှုပြီး နှစ်ပေါင်းများစွာပူးပေါင်းဆောင်ရွက် ကောင်းကျိုးပေးနေသည့်နိုင်ငံသည်သာ မြန်မာတို့အတွက်မိတ်ကောင်းဆွေကောင်းနိုင်ငံဖြစ်သည်။ ထိုမိတ်ကောင်းဆွေကောင်းနိုင်ငံများတွင် အိန္ဒိယနိုင်ငံလည်းပါဝင်သည်။ မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ သံတမန်ဆက်ဆံရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် စတင်ခဲ့သည်။ သမိုင်းကြောင်းတစ်လျှောက် နှစ်နိုင်ငံအကြား အလွန်ထူးခြားသည့်ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်ရေးရရှိသည့်အချိန်မှစပြီး ထူထောင်ထားရှိနိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းရှည်လျားစွာထိစပ်နေသည့်တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံသည်ပထဝီဝင်အနေအထားအရ အိန္ဒိယနိုင်ငံနှင့်အရှေ့တောင်အာရှဒေသတို့အကြား အချက်အချာကျသည့်နေရာတွင်တည်ရှိနေပြီး တောင်အာရှနှင့်အရှေ့တောင်အာရှကိုဆက်သွယ်ပေးခြင်းကြောင့် အိန္ဒိယနိုင်ငံအတွက် အရေးပါသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံသည် ကုန်းတွင်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်ထိနေသည့်နိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ "အိမ်နီးချင်းဦးစားပေးဝါဒ" နှင့် "အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ" တို့၏ဆုံမှတ်တွင်တည်ရှိနေသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏သံခင်းတမန်ခင်းတွင် အင်ဒို-ပစိဖိတ်ဒေသတွင်း အဓိကကျသည့် အခန်းကဏ္ဍကပါဝင်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၂၄ ရက်ကကျင်းပသည့် ၂၀၂၄ ခုနှစ်၊ အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ နှစ်(၆၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ် **"အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်မိကြောင်း၊ ယခုအိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့်ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့်အုတ်မြစ်သဖွယ် လမ်းစဖော်မြင့်တင်ပေးခဲ့သည်ဟုလည်းဆိုနိုင်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ရာဂိမုန်တိုင်း၏ဆိုးရွားသည့်သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသည့် ဒေသများကပြည်သူများအတွက် အိန္ဒိယအစိုးရမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများနှင့် ကယ်ဆယ်ရေးအထောက်အပံ့များကို အလျင်အမြန်ဆုံးလှူဒါန်းပေးခဲ့သည်။ တကယ့်မိတ်ဆွေကောင်းအဖြစ် အရေးပေါ်အခြေအနေတွင်ကူညီပေးခြင်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုကို ထင်ဟပ်စေခဲ့သည်။ အိန္ဒိယနည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင်စတင်ခဲ့သည်မှာ ယခုအခါစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ တို့က ဝန်ထမ်းပေါင်းနှစ်သိန်းကျော်တို့ကို လေ့ကျင့်ပို့ချပေးခဲ့ပြီးဖြစ်သည်။ မြန်မာ-အိန္ဒိယနှစ်နိုင်ငံဆက်ဆံရေးသည် နည်းပညာပူးပေါင်းဆောင်ရွက်မှုများမှာသာမက အခြားကဏ္ဍများတွင်လည်း တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် နှစ်နိုင်ငံ၏စီးပွားရေးကဏ္ဍအသီးသီးအတွက် အကျိုးပြုလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် အိန္ဒိယနိုင်ငံ၏နည်းပညာနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှာ မြန်မာနိုင်ငံအတွက် မိတ်ကောင်းဆွေကောင်းအိမ်နီးချင်းကောင်းတို့၏ဆောင်ရွက်ချက်ဖြစ်ပါကြောင်း။ ။

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအား ပြန်လည်ကောက်ခံပေးသွားမည်

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ (၁၅) ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။
- အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများအား ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
- ဖုန်းနံပါတ်- ၀၆၇-၄၃၁၀၆၂၊ ၀၆၇-၄၃၁၃၅၉၊ ၀၆၇-၄၃၁၀၆၇၊ ၀၆၇-၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

**(ဗဟိုသန်းခေါင်စာရင်းကော်မရှင်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၆-၁၀-၂၀၂၄(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာနှီးနှောဖလှယ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည်။





နှီးနှောဖလှယ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ မြန်မာပြည်အောက်ပိုင်းရှိ ခုံသမာဓိအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့လုပ်ငန်းခွင်အတွင်းအခက်အခဲများ၊ လိုအပ်ချက်များဖြစ်ပေါ်လာပါက လုပ်ငန်းခွင်အတွင်း၌ ကနဦးဆွေးနွေးညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ ညှိနှိုင်းဖျန်ဖြေသူများအနေဖြင့် အငြင်းပွားသူနှစ်ဖက်အကြား Win Win Situation ဖြစ်စေမည့် ရလဒ်ရရှိရေးဖျန်ဖြေပေးရန်နှင့် ခုံသမာဓိဖြင့်ဆုံးဖြတ်ဆောင်ရွက်သူများအနေဖြင့်လည်း အငြင်းပွားသူ အလုပ်ရှင်၊ အလုပ်သမားများအကြား နှစ်ဖက်သမာသမတ်ကျစွာနှင့် မျှတစွာဆုံးဖြတ်ရန် လိုအပ်ကြောင်း၊ Tripartite အဖွဲ့များ၏ အခန်းကဏ္ဍသည် အရေးကြီးခြင်းကြောင့် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်နေသည့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့်ခုံသမာဓိကောင်စီအဖွဲ့ဝင်များအနေဖြင့် အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေခြင်း၊ ကြားနာစစ်ဆေးဆုံးဖြတ်ခြင်းဆောင်ရွက်ရာတွင် မိမိသည် အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်သည်၊ အလုပ်သမားကိုယ်စားလှယ်ဖြစ်သည်ဆိုသည့်အဖွဲ့အစည်းစွဲမထားဘဲ ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးရန် လိုအပ်ကြောင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည်ခုံသမာဓိကောင်စီဝင်များနှင့်တွေ့ဆုံ၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နှီးနှောဖလှယ်ပွဲကျင်းပရသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် စည်းကြပ်သည့်ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသောစိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များကို အုပ်စုသုံးစုဖွဲ့၍ အုပ်စုလိုက်ဆွေးနွေးခြင်းများအပေါ် အပြန်အလှန်ဆွေးနွေးခြင်းများလည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရကျောင်းသား၊ ကျောင်းသူများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌတွေ့ဆုံအားပေး



နေပြည်တော် အောက်တိုဘာ ၂၅

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝင်ခွင့်ရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီမှ ထောက်ပံ့သည့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းဖြင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ဝင်ခွင့်ရကျောင်းသား၊ ကျောင်းသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင်မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါးဧက သိန်း ၃၀ ကျော်အထိတိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈)စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး မြို့နယ် ကျေးရွာအလိုက် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုစာရင်းများမှန်ကန်စွာကောက်ယူရေး၊ ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီးခဲ့သော လယ်ယာမြေများ ပြန်လည်ထွန်ယက်ပေးနိုင်ရေး၊ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိန်ညှိပေါင်းစပ်လုပ်ဆောင်ပေးရန် ဆွေးနွေးမှာကြားကာ စခန်းအတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုနေသော ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ် နှစ်ဆောင်ပြိုင်ကျေးရွာအုပ်စု ခပေါင်းဆည်ရေသောက်စနစ် လက်ဝဲတူးမြောင်းမကြီး ပေတိုင်-၇၃၀၀ အနီး ရာဂိမုန်တိုင်းအရှိန်ကြောင့် တူးမြောင်းပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါးဧကသိန်း ၃၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးရန်နှင့် စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေပိုမိုသိုလှောင်နိုင်ရေးနှင့် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တောင်ငူမြို့နယ် ဒေင်ကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး မျိုးမြှင့်သားစပ်ထားသောကြက်မျိုးသန့်များ ထုတ်လုပ်နေမှု၊ မြန်မာ့ရွှေဒင်္ဂါး (RIR) မျိုးသန့်ကြက်မနှင့် ပြည်ပမှ တိုက်ရိုက်တင်သွင်းလာသည့် အသားတိုးနှုန်း အထူးမြင့်မားကောင်းမွန်သော မျိုးကြက်ထီးများကို စနစ်တကျမွေးမြူပြီး မေထုန်မဲ့သားစပ်နည်းဖြင့် မျိုးစပ်သားဖောက်ထားသော Super Chick(H.B) အသားတိုးကြက်မျိုးများ မွေးမြူထားရှိနေမှုလုပ်ငန်းများကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ထို့နောက် အုတ်တွင်းမြို့နယ် ဝါးတီးကျေးရွာအုပ်စုတွင် ရာဂိမုန်တိုင်းအရှိန်ကြောင့် ဝါးတီး-အုန်းပင်တာပျက်စီးထိခိုက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ တောင်ငူမြို့နယ် ကေတုမတီကျုံးအတွင်းသို့ ရေဝင်လမ်းကြောင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

"ကျွန်တော်တို့ ကျွန်းစဉ်နယ်သည် မြို့နှင့်လွန်စွာအလှမ်းဝေးပြီး သွားရေးလာရေးခက်ခဲသည်။ ကိစ္စကြီးငယ်အတွက် ရေလမ်းတစ်ခုတည်းကိုသာ အားကိုးနေရသည်။ ရေလမ်းတွင်လည်း စက်လှေ၊ မော်တော်ဟူ၍မရှိသဖြင့် လှေများဖြင့်သာ လှော်ခတ်သွားလာကြရသည်။ ဤသို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ကျန်းမာရေးဆိုလျှင်လည်း မြို့သို့ရောက်ဖို့အရေးမှာ မလွယ်။ သို့ဖြစ်၍ ကိုယ့်ရွာနှင့် ကိုယ့်ဆေးဆရာဆိုသလို ကျန်းမာရေးကိစ္စများကို ဆောင်ရွက်ကြရသည်. . ."

**ယမန်နေ့မှအဆက်**

ဒီနေ့တွင် ကိုဘမောင်ဆီ ကျွန်တော်ရောက်ဖြစ်သည်။ သူက ဘာကူညီရမလဲ၊ အကူအညီလိုရင်ပြောပါဟု ပြောသည်။ သူ့ကမ်းလှမ်းမှုနှင့် ကျွန်တော့်စိတ်ကူး သဟဇာတကျသွားသလိုရှိ၍ ကျွန်တော်စကားပြောဖြစ်လိုက်သည်။

"ကိုဘမောင်ကို ကျွန်တော် တစ်ခုပြောကြည့်ချင်တယ်"

"ပြောကြည့်လေ"

"ဒီလိုပါ ကိုဘမောင်၊ ခုလိုနွေဆို ကျောင်းတွေပိတ်လို့ ကျွန်တော်အားနေပါတယ်၊ ဒီလိုအားချိန်မျိုးမှာ ဝင်ငွေတစ်ခုခုရအောင် ကျွန်တော် အလုပ်လုပ်လေ့ရှိတယ်ဗျ"

"ကဲ ဘည္ဇနို့ရေ မင်း လိုရင်းပဲပြောပါ"

"ကျွန်တော် ဒီလိုစဉ်းစားထားတယ်ဗျာ ၊ ဒီနွေမှာ ကျွန်တော်တို့ ကျွန်းရွာတွေဘက်လှည့်လည်ပြီး ဆေးနဲ့ဆေးပစ္စည်းရောင်းချင်တယ်ဗျာ"

"ရောင်းလေ ငါ့ဆိုင်မှာ ဆေးတွေ အလျှံပယ်ပဲ၊ တွေ့တယ်မဟုတ်လား"

ကျွန်တော့်စကားအဆုံးမှာ ကိုဘမောင်က ချက်ချင်းတံခါးဖွင့်ပေးလိုက်သည်။

"ကိုဘမောင်ရယ် အားတော့နာတယ်ဗျာ။ ကျွန်တော်ကတော့ ဆင်းရဲတယ်ဗျ"

"ဟာ မင်းဘယ်တုန်းက ချမ်းသာခဲ့လို့လဲ၊ မင်း ဒီမှာ ကျောင်းနေခဲ့တာလည်း ကသီလင်တပဲမဟုတ်လား၊ ငါသိနေတာပဲ"

သူ့စကားကြောင့် ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြသည်။

"အဲဒါ ကိုဘမောင်ရယ် ကျွန်တော်အစ်ကို့ဆီက ဆေးပစ္စည်းတွေ ခေါက်ပြန်ကြေးနဲ့ ယူရောင်းချင်တယ်ဗျာ"

"ရတယ် ရတယ် ယူ ယူ ယူ"

ဒီလိုနှင့် ကျွန်တော်သည် ကိုဘမောင်ဆေးဆိုင်က ဆေးနှင့်ဆေးပစ္စည်းတွေယူပြီး ကျွန်းစဉ်ရွာတွေဘက်မှာ တစ်ရွာဝင်တစ်ရွာထွက် လှေလေးနှင့် လည်ရောင်းခဲ့သည်။ ပထမအချီ တစ်ပတ်လောက်ပဲကြာသည်၊ အဆင်ပြေသွားသည်။ ဒုတိယအချီသွားယူပြီး လှည့်လည်ရောင်းလိုက်ပြန်သည်။ အဆင်ပြေသွားသည်။ ယခင်အချီကလိုပဲ တစ်ပတ်လောက်ပဲကြာသည်။

ကျွန်တော်တို့ ကျွန်းစဉ်နယ်သည် မြို့နှင့်လွန်စွာအလှမ်းဝေးပြီး သွားရေးလာရေးခက်ခဲသည်။ ကိစ္စကြီးငယ်အတွက် ရေလမ်းတစ်ခုတည်းကိုသာ အားကိုးနေရသည်။ ရေလမ်းတွင်လည်း စက်လှေ၊ မော်တော်ဟူ၍မရှိသဖြင့် လှေများဖြင့်သာ လှော်ခတ်သွားလာကြရသည်။ ဤသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ကျန်းမာရေးဆိုလျှင်လည်း မြို့သို့ရောက်ဖို့အရေးမှာမလွယ်။ သို့ဖြစ်၍ ကိုယ့်ရွာနှင့် ကိုယ့်ဆေးဆရာဆိုသလို ကျန်းမာရေးကိစ္စများကို ဆောင်ရွက်ကြရသည်။ ယခုဆိုလျှင် ဗိန္ဒောဆေးအစား နိုင်ငံခြားထိုးဆေး၊ သောက်ဆေးများ ပို၍တွင်ကျယ်လာသည်။ ဆေးဆရာနှစ်ယောက်လောက်တော့ ရွာတိုင်းမှာရှိနေတတ်ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလကပင် မြေပုံမြို့နယ်တွင် ပြည်သူ့လွတ်မြောက်ရေးပါတီဟူသည်ရှိခဲ့ပေ၏။ ထိုပါတီသည် လက်နက်ကိုင်တော်လှန်ရေးကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပေသည်။

ပြည်သူ့လွတ်မြောက်ရေးပါတီမှာ စည်းလုံးမှုအားနည်းလာပြီး ၁၉၅၇ ခုနှစ်တွင် ဗိုလ်မှူးစံသာကျော် ဦးဆောင်သောအဖွဲ့သည် အမ်းမြို့တွင် လက်နက်ချအလင်းဝင်ခဲ့ကြသည်။ ဆေးမှူး၊ ဆေးတပ်သားဆိုသူများနှင့် သာမန်ရဲဘော်ဆိုသူများမှာ ကျွန်းစဉ်နယ်ရှိ ရွာများ၌ အိမ်ထောင်ကျပြီး ကျန်ခဲ့ကြသည်။ နောက်ထူးခြားမှုတစ်ခုရှိလာသည်မှာ သူတို့ ဆေးမှူး၊ ဆေးတပ်သားဆိုသူများမှတစ်ဆင့် ဆင့်ပွားပို့ချပြီး ရွာတိုင်းလိုလိုမှာ ဆေးဝါးကုသပေးသူများလာကြသည်။ ကျွန်းစဉ်နယ်သားတို့မှာ မြို့ပြနှင့်အလှမ်းဝေးရုံမက ကိုယ့်ဒေသတွင်းမှာလည်း ဆေးရုံ၊ ဆေးခန်းဟူသည်မရှိသဖြင့် သူတို့ကိုပဲ အားကိုးနေကြရသည်။

ဤသည်တို့ကိုအကြောင်းပြုပြီး ကျွန်တော်သည် ကျောက်ဖြူမြို့ ကိုဘမောင်ဆေးဆိုင်က ထိုးဆေးပုလင်းများကို အဓိကထားဝယ်ယူပြီး ရွာတိုင်းရပ်တိုင်းက ဆေးဆရာများဆီ သွားရောင်းသည်။ ကျွန်တော်သည် သူတို့ကို ဤသို့ တကူးတက လာရောင်းသည်ကို သူတို့အလွန်ကျေနပ်ကြသည်။ သူတို့အနေဖြင့် ချောင်းမြစ်အတန်တန်ကို ဖြတ်ကျော်ပြီး မြို့သို့ ဆေးဝယ်တစ်ခေါက်သွားရေးမှာ မလွယ်ကူပေ။ ဆေးဆရာအတွက် အဆင်ပြေသည့်အပြင် ဆေးကုသမှုခံယူသူ လူနာအနေဖြင့်လည်း လိုအပ်သည့်ဆေးဝါးအဆင်သင့်ရှိသဖြင့် အဆင်ပြေကြသည်။ အမှန်တော့ သူတို့သည် ခေတ်စကားနှင့်ပြောရလျှင် ရမ်းကုများသာဖြစ်ကြသည်။ သို့သော် ကျေးလက်နေလူတန်းစားတို့မှာ ကျန်းမာရေးအတွက် သူတို့ကိုပဲ အားကိုးကြရသည်။

ခု ကျွန်တော်ကျောက်ဖြူမြို့ ကိုဘမောင်ဆေးဆိုင်သို့ ဆေးဝါးဝယ်ယူရန် ရောက်ရှိနေခြင်းမှာ တတိယအချီပင်ဖြစ်သည်။

● ● ● ● ● ● ●

မော်တော်သည် ကျောက်ဖြူမြို့ဆိပ်ကမ်းမှထွက်ပြီး တစ်နာရီခန့်မောင်းလိုက်သည်နှင့် တံခါးရိုးတောင်နှင့် ကြက်တောပြင်ရွာကြား မြစ်ကျဉ်းကလေးသို့ ဝင်လာခဲ့သည်။ လှေပိုင်ရှင်က ကျွန်းစဉ်ဘက်သို့လမ်းမကျွမ်းဟုပြော၍ ခရီးသည်ဦးတင်အေးနှင့် ဦးသာခိုင်တို့က လမ်းခရီးကို ဦးဆောင်ခဲ့ကြသည်။ မိုးဦးရာသီဖြစ်နေ၍ ကျောက်ဖြူမြို့မှ ကျွန်းစဉ်ဘက်သို့ အသွားအလာခက်ခဲလာသဖြင့် ကျွန်တော်တို့တစ်တွေမှာ ကျောက်ဖြူမြို့တွင် သောင်တင်သလို ဖြစ်နေခဲ့ကြသည်။ သို့ဖြစ်၍ ကူဘိုတာ (၅ x ၆) စက်လှေလေးတစ်စင်းကို စျေးသတ်မှတ်ပြီး ခေါ်လာခဲ့ကြခြင်းဖြစ်သည်။

"ပဲ့နင်းကြီးရေ. . .ရှေ့က ဆက်ကျိန်တောင်တန်းကို လက်ဝဲထားပြီး မောင်းမယ်နော်"

"ဟုတ်ကဲ့"

"အဲဒီကနေ ဟိုး . . .မြစ်ပြင်အလယ်မှာ ဟင်္သာရုပ်ကျောက်တုံးတွေ့တယ်မဟုတ်လား၊ အဲဒီဟင်္သာကျောက်ကို လက်ဝဲထားပြီး ဆက်မောင်းမယ်ဗျာ"

"ဟုတ်ကဲ့"

စက်လှေလေးမှာ လှိုင်းလုံးလေးများကို ဖိနင်းကျော်လွှားရင်း ပြေးနေ၏။ ဘယ်နေရာကိုပဲ လှမ်းမျှော်ကြည့်ကြည့် ကျောက်ပုံကျောက်စု တောင်တန်းအသွယ်သွယ်နှင့် ပင်လယ်ကြီးသာဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခုလုံးတွင် ရှုခင်းပုံပန်းချီကားချပ်ကြီးများ ပြန့်ကျဲနေသလိုမျိုးရှိချေ၏။ စက်လှေလေးမှာ လက်ယာဘက်ကမ်းခြေကို အရလုပြီး မောင်းလိုက်သည်။

"ပဲ့နင်းရေ ရှေ့က တောင်တန်းနှစ်ခုကြားက ဝင်မှာနော်၊ လက်ဝဲဘက်ကျောက်တန်းနဲ့ နည်းနည်းခွာမောင်းပါ၊ ကျောက်တန်းက ရေအောက်မှာ မြစ်လယ်လောက်အထိရှိတယ်လို့ပြောကြတယ်"

ကျွန်တော့်မှာ အဖေကြီး၊ ညီလေးတွေနှင့် ညီမလေးဆီသို့ အာရုံရောက်နေ၏။ စက်လှေလေးကမူ ပဲ့ကိုင်၏လမ်းညွှန်မှုအတိုင်း မြစ်ပြင်ကိုဖြတ်၊ သောင်စပ်ကိုလှည့် ခရီးနှယ်ချဲ့ရင်းသွားနေ၏။ ကျောက်တန်းနှင့်တောင်စွယ်ကြားက ထွက်လိုက်သည်နှင့် မြစ်ပြင်ကျယ်တစ်ခုက လှိုင်းခေါင်းဖြူများ ပွက်ပွက်ဆူပြီးပေါ်လာ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




**အတီး**

အဆင့်မြင့်ပညာ (အမျိုးသမီး) ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မယမင်းသူနှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်နေစဉ်။




**အတီး**

ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ချစ်စုဝေစတင်း "မော်တင်လယ်" ပတ်ပျိုးသီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




**အတီး**

အခြေခံပညာ (၁၀-၁၅)(အမျိုးသမီး) ဂီတာပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မနှင်းနှင်းအေး "ဝေဘာဂီရီ" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်နေစဉ်။



**အက**

ချင်းတိုင်းရင်းသားရိုးရာအက အလွတ်တန်းအဆင့် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ မောင်ကောင်းစံဟိန်းနှင့်အဖွဲ့ လှပမြိုင်ဆိုင်စွာ ကပြယှဉ်ပြိုင်နေစဉ်။




**အဆို**

ကာလပေါ်၊ ခေတ်ဟောင်းတေး အခြေခံပညာ (၁၀-၁၅) (အမျိုးသား)တွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဟိန်းထက်အောင် "ကိုယ့်ရပ်ဌာနေ" သီချင်းဖြင့်ယှဉ်ပြိုင်နေစဉ်။




**အက**

အခြေခံပညာ(၁၅-၂၀)(အမျိုးသမီး)တွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မဆုရတနာ စည်းဝါးနရီ ပိုင်ပိုင်နိုင်နိုင် ကပြယှဉ်ပြိုင်နေစဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရှင်တို့၏ ပြိုင်ပွဲဝင်ပုံရိပ်များ




**ကဗျာလွတ်**

ကဗျာလွတ်ပြိုင်ပွဲအခြေခံပညာအဆင့် (၁၀-၁၅)ပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်မှ မဆုသစ်သစ်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်မှုကိုတွေ့ရစဉ်။



**အဆို**

ကာလပေါ်ခေတ်ဟောင်းတေး ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)တွင် ပထမဆုရကယားပြည်နယ်မှ ဦးသက်နိုင် "ပန်းစုံတဲ့တော"သီချင်းဖြင့် ယှဉ်ပြိုင်နေစဉ်။




**အရေး**

အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်တွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ချမ်းငြိမ်းသော် "ထံတျာတေအစ မဟာဂီတ"ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်စဉ်။




**အတီး**

ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား) ဒိုးပတ်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဗိုလ်ထွားနှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ယှဉ်ပြိုင်နေစဉ်။




**အတီး**

အခြေခံပညာ (၁၅-၂၀) (အမျိုးသမီး)ဂီတာပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မသူသူဝင်း " စံရာတောင်ကျွန်း" (ကြိုး)သီချင်းဖြင့် ယှဉ်ပြိုင်နေစဉ်။




**ရုပ်သေးကြိုးဆွဲ**

ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)ပြိုင်ပွဲတွင် ပထမဆုရရန်ကုန်တိုင်းဒေသကြီးမှဒေါ်ပွင့်နဒီမောင် မင်းသားကြိုးဆွဲရုပ်သေးရုပ်ဖြင့် ယှဉ်ပြိုင်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲများကျင်းပပြုလုပ်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပစဉ်။







တာဝန်ရှိသူတစ်ဦးက သင်တန်းဆင်းထူးချွန်ဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန် အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များ ကိုထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ် များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲ အခမ်းအနား များကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာန ချုပ်များအလိုက်နယ်မြေခံသင်တန်းကျောင်း အသီးသီးတွင် ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်း ဆင်းစစ်ရေးပြအစီအစဉ်အတိုင်းဆောင် ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော် အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက်သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ် တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆုရရှိသူများ အား ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြား ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီး တွင် သင်တန်းဆင်းပွဲသို့ တက်ရောက် ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သင်တန်း ကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံ အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာ ရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက် ငယ်ဘာသာရပ်များကိုလည်းကောင်း၊ စစ်နည်းဗျူဟာဘာသာရပ်ကိုလည်းကောင်း စာတွေ့၊ လက်တွေ့စနစ်တကျသင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာ ဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေး ဘာသာရပ်နှင့် အထွေထွေဘာသာရပ်များ ကိုလည်း ရက်သတ္တပတ်အလိုက်အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရ သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက် ရေးသည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည် ဟုပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသား တိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန် များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင် ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများ သည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေး နှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေ ကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ် သည့် အလေ့အကျင့်များ(Teamwork) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ် (Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(Esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ် သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄)တွင်တက်ရောက်ခဲ့ရသည့်အတွေ့အကြုံ များ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့် ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များ နှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်း ဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရ ပါသည်-

“ ဒီသင်တန်းတက်ရောက်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကို ကာကွယ်ဖို့နဲ့ နိုင်ငံကလိုအပ်လာတဲ့အခါ ကျတော့ ကျွန်တော့်ဘက်က အသင့်ဖြစ် အောင်လို့ ဒီသင်တန်းကို လာရောက်တက် တာပါ။ ကျွန်တော်က တစ်ကျောင်းလုံးရဲ့ ကိုယ်စားအနေနဲ့ စံပြဆုကိုရရှိခဲ့တာပါ။ သင်ခန်းစာတွေအားလုံးကို စိတ်ပါဝင်စား စွာနဲ့ လုပ်ဆောင်ခဲ့ပါတယ်။ အကျင့် စာရိတ္တကောင်းမွန်အောင်စည်းကမ်းကအစ အကုန်လုံးကို တလေးတစားနဲ့လိုက်ပါ လုပ်ဆောင်ခဲ့ရပါတယ်။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မယ်။ နောက်ပြီး နိုင်ငံတော်ကိုလည်း ကာကွယ် လို့ရတယ်။ ကျွန်တော်တို့သင်တန်းကာလ တွေပြီးသွားတဲ့အခါ ကိုယ့်တာဝန်ကို ပြီးဆုံးတဲ့အခါ ကျွန်တော်တို့ရပ်ရွာမှမိသားစု တွေကိုလည်း ကာကွယ်လို့ရတယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ စစ်ပညာတွေလည်း သင်ကြားတတ်မြောက် ပြီးဖြစ်တဲ့အတွက် ကျရာတာဝန်ကိုကျေပွန် စွာထမ်းဆောင်မယ်လို့ ဆုံးဖြတ်ထားပါ တယ် ” ဟုပြောသည်။

“ကျွန်တော်လာရောက်ရတဲ့ ရည်ရွယ် ချက်ကတော့ နိုင်ငံတော်ကိုကာကွယ်ဖို့နဲ့ ကျွန်တော်တို့မိသားစုကို ကာကွယ်နိုင်ဖို့ အတွက်ဝင်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီမှာ သင်ကြားခဲ့တဲ့ပညာရပ်တွေနဲ့ မိသားစုတင် မကဘဲနဲ့ ရပ်ရွာအေးချမ်းသာယာရေး အတွက်ကော၊ ပြည်သူလူထုအတွက်ကော၊ နိုင်ငံတော်အတွက်ကော ကာကွယ်သွားဖို့ အစီအစဉ်ရှိပါတယ်။ သင်တန်းက အကျိုး ကျေးဇူးရခဲ့တာတွေကတော့ အများနဲ့ ဆောင်ရွက်တတ်တဲ့ အကျိုးကျေးဇူးတွေ၊ ပြီးတော့ ကိုယ်ချင်းစာနာတတ်မှုတွေ ဒီရောက်မှပိုပြီးသိရှိလာရတယ်။ နောက်ပြီး တပ်မတော်သားတွေရဲ့ အနေအထိုင်ပြုမူ ကျင့်ကြံတာတွေနားလည်လာတယ်၊ ပင်ပန်း နွမ်းနယ်မှုတွေ၊ ရှေ့တန်းမှာပြည်သူလူထုရဲ့ အိုးအိမ်စည်းစိမ်တွေ၊ ကာကွယ်ပေးရတဲ့ ရည်ရွယ်ချက်တွေ၊ ဆောင်ပုဒ်တွေအများ ကြီးနားလည်လာတယ်။ သိရှိလာရတယ်။ ဒီအတွက် ကိုယ်ချင်းလည်းစာတယ်။ ဒီဟာတွေကိုသိရှိလာရတဲ့အတွက် ကိုယ့် ကိုယ်ကိုယ်တပ်မတော်သားတစ်ယောက် ဖြစ်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ စရောက် တော့ တော်တော်လေးခက်ခဲပါတယ်။ နောက်မှ တဖြည်းဖြည်းချင်း Step by Step သွားရင်းနဲ့မှ သူငယ်ချင်းတွေနဲ့၊ အများနဲ့ ပူးပေါင်းဆောင်ရွက်တတ်လာတယ်။ အဲဒီအားသာချက်လေးတွေရှိလာတယ်။ နောက်ထပ်သင်တန်းတက်မယ့် ညီအစ်ကို တွေ ဒီရောက်လာရင် ပိုပြီးစည်းကမ်းရှိ လာမယ်၊ အမိန့်နာခံတတ်လာမယ်။ အများ နဲ့ပူးပေါင်းဆောင်ရွက်တတ်လာမယ်။ အဲဒီအကျိုးကျေးဇူးတွေရမှာပါ။ ညီအစ်ကို တို့အနေနဲ့ ဒီရောက်တဲ့အခါမှာလည်း ဘာမှကြောက်နေစရာမလိုပါဘူး။ အားလုံး အဆင်ပြေသွားမှာပါလို့ ပြောချင်ပါတယ်။”

ထို့နောက်ညပိုင်းတွင်သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်းစစ်သည် များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ များပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိ သည်။

(၁၀၀)

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တွေ့ဆုံအမှာစကားပြောကြား



နေပြည်တော် အောက်တိုဘာ ၂၅


ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ယနေ့ မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ ယခု သွားရောက်တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်မှာ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရှိသေရန် လိုကြောင်း၊ သံတမန်ဆက်ဆံရေးတွင် "ချစ်စကိုရှည်စေ၊ မုန်းစကို တိုစေ"ဆိုသည့် အတိုင်း ရန်သူကို မိတ်ဆွေဖြစ်အောင် ပြုလုပ်၍ မိမိ၏ပန်းတိုင်သို့ရောက်ရှိအောင် ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ကမ္ဘာ့သုံးဘာသာစကား၊ သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ဘာသာစကားကိုပါ တတ်မြောက်နိုင်ရေး ကြိုးစား လေ့လာသင်ယူစေလိုကြောင်း၊ အများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်ခြင်းသည် လုပ်ငန်းကို ပိုမိုထိရောက်ခရီးရောက်စေသည့်အတွက် ညီညွတ်မှုရှိကြရန်တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီးဦးမောင်မောင်အုန်း လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-တရုတ်မီဒီယာကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ မီဒီယာအဖွဲ့များ အပြန်အလှန်လည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်းပါ ပိုမိုချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုရှိစေရန်အတွက် မီဒီယာကဏ္ဍမှလိုအပ်သည်များ ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ခဲ့ကြ ကြောင်းသိရသည်။

(သတင်းစဉ်)

# ဆိုင်ကလုန်းမုန်တိုင်းဒါနာ တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော် အောက်တိုဘာ ၂၅

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿ ပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့(Puri)နှင့် ဆာဂါကျွန်း(Sagar Island)တို့အကြား ဒမ်မရာမြို့(Dhamara)အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းဒါနာ(DANA)သည် မြောက်-အနောက်မြောက် ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ ရောက်ရှိခဲ့ကာ ဆိုင်ကလုန်းမုန်တိုင်းဒါနာ(DANA)အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းဒါနာ(DANA)သည် အနောက်မြောက်ဘက်သို့ရွေ့လျား နိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော် နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပုသိမ် | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြိတ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၁၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၁ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၁၊ ၀၉-၂၅၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ စတုတ္ထအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါ်နုမြဖံ၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလွတ်ခုန်လေထီး သရုပ်ပြအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)တို့မှ တာဝန်ရှိသူများက အွန်လိုင်းမှတက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသားအားကစားပွဲတော်သည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ကျင်းပသည့် အနှစ်သာရပြည့်ဝသော ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်နှင့် လူငယ်များ၏အားမာန်ကို ပြသသည့် အားကစားပွဲတော်ကြီးဖြစ်ပြီး အမျိုးသားစိတ်ဓာတ်များနိုးကြားလာစေရေး စွမ်းဆောင်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံက ပါဝင်ဖျော်ဖြေတင်ဆက်မည့် ခေတ် ၆ ခေတ် အကတွင် ဝတ်ဆင်မည့် ခေတ်အလိုက် ဝတ်စုံနမူနာပုံစံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး၊ပြည်နယ်အလံများနှင့်အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာဆောင်ရွက်ထားရှိမှုများ၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက ကျောင်းသား၊ကျောင်းသူများ၏ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး၊ မီးရှူးမီးပန်း အလှဆင်ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင်ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၅၀၀)

# မြန်မာနေရှင်နယ်လိဂ် -၂ ပြိုင်ပွဲတွင် University အသင်းနှင့် ချင်းလန်းအသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်-၂ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပဒုမ္မာအားကစားကွင်း၌ University အသင်းနှင့် ချင်းလန်းအသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်ဂိုးပေါက်ကန်သွင်းခွင့်များရရှိခဲ့ကာ ဘမ်ဘရာဇက်က ချင်းလန်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ချင်းလန်းအသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ချေပဂိုးလိုအပ်နေသည့် University အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ လှိုင်ဘွားက University အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ချင်းလန်းအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့် ဘာဂါယာက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# ဒိုက်ဦးမြို့နယ်၌ VRFP စီမံကိန်းရန်ပုံငွေများထုတ်ချေး

**ဒိုက်ဦး အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငှက်သိုက်ပေါက်ကျေးရွာ၌ ဆဋ္ဌမအကြိမ်မြောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေများပြန်လည်ထုတ်ချေးခြင်းကို အောက်တိုဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့်ဝန်ထမ်းများက ငှက်သိုက်ပေါက်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်ထွန်းက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးမှူးက ငှက်သိုက်ပေါက်ကျေးရွာရှိ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၂၈ ဒသမ ၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ငှက်သိုက်ပေါက်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၃၁ ဦးကို ချေးငွေကျပ် ၁၃ ဒသမ ၈၈ သန်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၃၆ ဦးကို ချေးငွေကျပ် ၁၄ ဒသမ ၄၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)၊မောင်နိုင်**

## စစ်မှုထမ်းစို့ ညီနောင်တို့

❖ တို့နိုင်ငံ သာယာဖို့
လှမ်းချီစို့ ညီညီညာ။
ကာကွယ်မည် စိတ်နှလုံး
ရွှင်ပြုံးလျက်သာ။
နိုင်ငံ၏ တာဝန်ဟာ
တို့တွေမှာ အမှန်ရှိ။
တို့နိုင်ငံ စစ်မှုထမ်း
ကြိုးပမ်းသင့်၏။

❖ အဖျက်ရန် တို့တားဆီး
တရားသောနည်း စစ်အောင်မည်။
တိုင်းပြည်ကို ချစ်မြတ်နိုး
ရိုးသားသင့်သည်။
စစ်မှုထမ်း လက်တွဲညီ
ခွန်အားတည် ပါဝင်စို့။
တို့နိုင်ငံ သာယာရေးကို
လေးစားကြဖို့။

❖ တို့ရပ်ရွာ ကာကွယ်ဖို့
စစ်မှုထမ်းစို့ ညီနောင်တွေ။
ပြည်ပရန် ပြည်တွင်းပိုး
ချိုးဖျက်စို့လေ။
သမိုင်းကပေး တာဝန်ပေ
ကျေဖို့မသွေ ကြိုးစား။
စိတ်ထက်သန် စစ်မှုထမ်းကာ
ရွှင်လန်းစေသား။ ။


**မောင်မျိုးချစ်(အညာမြေ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၀-၂၀၂၄(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ ၆:၀၂ | နိုင်ငံတော်သီချင်း | ၈။ ၁၆:၂၅ | မြန်မာသံစဉ် ချိုနားဝင် |
| ၂။ ၇:၀၀ | မေတ္တာပို့ | ၉။ ၁၆:၅၅ | ရှေးဟောင်းသုတ |
| ၃။ ၇:၂၅ | ကိုယ်လက်လှုပ်ရှား အားကစား | ၁၀။ ၁၇:၁၀ | အင်္ဂလိပ်စာသုတ |
| ၄။ ၇:၃၅ | မြန်မာ့ရှုခင်း | ၁၁။ ၁၈:၃၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၅။ ၈:၃၀ | ခရီးလည်းသွား စကားလည်းဆို | ၁၂။ ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ ဖုန္နသဿ လောကဓမ္မေဟိ စိတ္တံယဿ နကမ္ပတိ |
| ၆။ ၉:၁၀ | အမျိုးသားရေး တေးကဗျာ | | |
| ၇။ ၁၁:၀၀ | နိုင်ငံတကာသတင်း | | |

# သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၄ ခုနှစ်) အဌမအကြိမ် အောင်မြင်စွာကျင်းပပြီးစီး




တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း ဆုရရှိသူတစ်ဦးအားဆုပေးအပ်ချီးမြှင့်စဉ်။



သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၄ ခုနှစ်)ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

တပ်မတော်အနေဖြင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာများ အထောက်အကူပြုနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၄ ခုနှစ်) "Conference on Science and Technology Development – 2024" ကို အောက်တိုဘာလ ၂၄ ရက်နေ့မှ စတင်ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ပြင်ဦးလွင်တပ်နယ် စစ်တက္ကသိုလ်အဆင့်မြင့်စာပေပညာဗဟိုဌာန ငါးထပ်စာသင်ဆောင်၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါကွန်ဖရင့်သို့ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်တက္ကသိုလ်များမှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များနှင့် အရာရှိများ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ တပ်နယ်မှ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်တိုင်လာရောက် စာတမ်းမဖတ်ကြားနိုင်သော Key-note Speaker များ၊ အရပ်ဘက်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက Video Conferencing ဖြင့် အခမ်းအနားသို့ တက်ရောက်ကြသည်။

၂ ရက်တာ ကွန်ဖရင့်ကျင်းပစဉ်ကာလအတွင်း ဖိတ်ကြားထားသော နိုင်ငံခြားသားပညာရှင် (Keynote Speaker) ၄ ဦးက စာတမ်း ၄ စောင်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနစာတမ်းရှင် ၁၀၂ ဦးက စာတမ်း ၁၀၂ စောင် စုစုပေါင်းသုတေသနစာတမ်း ၁၀၆ စောင် ဖတ်ကြားနိုင်ခဲ့ပြီး ပိုစတာ ၂၃ စောင်ကို ပြသနိုင်ခဲ့သည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့်ကို ၂၀၁၆ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ် –၁၉ ရောဂါကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ကိုဗစ် –၁၉ ရောဂါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ကျင်းပခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် သတ္တမအကြိမ်မြောက်ကျင်းပခဲ့ပြီး ယခုအကြိမ်သည် အဌမအကြိမ်မြောက်ကျင်းပသည့် ကွန်ဖရင့်ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(၂၀၂၄ ခုနှစ်)တွင် အကောင်းဆုံးစာတမ်းဆု ၆ ဆုနှင့် အကောင်းဆုံးပိုစတာဆု ၂ ဆု ပေးအပ်ချီးမြှင့်ရာ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးတို့က ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အမှာစကားပြောကြားပြီးနောက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (၂၀၂၄ ခုနှစ်)ကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၅

၂၀၂၄ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရုံးအမှတ်(၃၁)ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲနိုင်စေရေးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်/ နည်းပညာကျောင်းများ၊ အခြေခံပညာကျောင်းများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ သတ်မှတ်ထားသည့်လျာထားအင်အားစာရင်းများကို အတည်ပြုပေးနိုင်ရေးအတွက် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် တက်ရောက်ရမည့် ပရိသတ်အင်အားစာရင်းများကို ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီအဖွဲ့ဝင် လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထက်အောင်က တင်ပြဆွေးနွေးရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့်သက်ဆိုင်ရာဌာနအသီးသီးမှ အရာရှိကြီးများက လျာထားဖိတ်ကြားအင်အားစာရင်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြမှုများအပေါ် ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး တင်ပြဆွေးနွေးခဲ့မှုများနှင့် အတည်ပြုပေးပို့လာသည့် တက်ရောက်အင်အားစာရင်းများကို ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ဖွင့်ပွဲ/ပိတ်ပွဲများတွင် ပေးပို့ထားသည့်တက်ရောက်အင်အားစာရင်းများအတိုင်း အင်ပြည့်အားပြည့်တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများက စိစစ်ကြပ်မတ်ဆောင်ရွက်ပေးသွားရန် ပြောကြားခဲ့ကြောင်းသိရသည်။ (၅၀၀)

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ဆုရရှိခဲ့သူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ပဲခူး အောက်တိုဘာ ၂၅

ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာလ၂၄ ရက်နေ့ နံနက်ပိုင်းက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ဆုရရှိခဲ့သူများအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီးမှ ဘာသာရပ် ၁၁၃ ခုတွင် ပြိုင်ပွဲဝင် အမျိုးသား ၊ အမျိုးသမီး ၂၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၄ ခု၊ ငွေတံဆိပ် ၁၇ ခု၊ ကြေးတံဆိပ် ၂၈ ခု စုစုပေါင်းဆုတံဆိပ် ၅၉ ခုရရှိခဲ့၍ ပြိုင်ပွဲဝင်များအား မှတ်တမ်းတင်ဂုဏ်ပြုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ပထမရွှေတံဆိပ်ဆုရရှိသူ ၁၄ ဦးအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများအား ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ဗဟိုအဆင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ရရှိသူများနှင့် နည်းပြဆရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

၄၀၁၊ တင်စိုး(ပဲခူး)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°C | / | ၃၂°C |
| ရန်ကုန် | ၂၄°C | / | ၃၃°C |
| မန္တလေး | ၂၄°C | / | ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲမြင်ကွင်းပုံရိပ်များ



နေပြည်တော်ကောင်စီနယ်မြေ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



ရှမ်းပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲမြင်ကွင်းပုံရိပ်များ



ရှမ်းပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကိုတွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲကျင်းပစဉ်။



မွန်ပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲကျင်းပစဉ်။



ရှမ်းပြည်နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲကျင်းပစဉ်။



မန္တလေးတိုင်းဒေသကြီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# တသွင်သွင်စီးဆင်း မြစ်မင်းဧရာသို့ပမာ

ဘုန်းမောင်ဝင်း(ဖျာပုံ)





**❖ သင်တန်းပြီးမြောက်တဲ့ ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများဟာ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေ. . .**

**❖ တပ်မတော်သားတွေအနေနဲ့ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားတွေထားရှိရင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတာမို့ တပ်မတော်ဟာဒီကနေ့တိုင် နိုင်ငံအတွက် ကျစ်လျစ်ခိုင်မာတဲ့အဖွဲ့အစည်းအဖြစ်ရပ်တည်နေနိုင်တာဖြစ် . . .**

နိုင်ငံတော်ကာကွယ်ရေးတာဝန်ဟာ နိုင်ငံသားတိုင်း မဖြစ်မနေထမ်းဆောင်ရမယ့်တာဝန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ နိုင်ငံသားတိုင်းအနေနဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးတွေရှိသလို ထမ်းဆောင်ရမယ့်တာဝန်တွေလည်းရှိနေပါတယ်။ နိုင်ငံသားဆိုသည်မှာ နိုင်ငံတော်ရဲ့တာဝန်ကို ဝေပုံကျထမ်းဆောင်ပြီး ဝတ္တရားအလိုက်ခံစားထိုက်တဲ့အခွင့်အရေးတွေကို ခံစားပိုင်ခွင့်ရှိသူတစ်ဦးဖြစ်ပါတယ်။ နိုင်ငံသားအဖြစ်ခံယူသူမှန်သမျှ နိုင်ငံတော်ရဲ့တာဝန်ကိုထမ်းဆောင်ရမည့်တာဝန်၊ နိုင်ငံတော်ကပေးစွမ်းနိုင်တဲ့အခွင့်အရေးဟူသမျှကို ခံစားခွင့်ရှိကြောင်းကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း သတ်သတ်မှတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ အကယ်၍ နိုင်ငံသားတစ်ဦးမှာထမ်းဆောင်ရမယ့် တာဝန်တွေပျက်ကွက်နေရင် တရားဥပဒေအရ နိုင်ငံသားဖြစ်ခွင့်ရနေပေမယ့် နိုင်ငံသားဖြစ်ထိုက်တဲ့ အရည်အချင်းမရှိသူအဖြစ် သတ်မှတ်ရမှာဖြစ်ပါတယ်။

**“နိုင်ငံသားဆိုသည်မှာ နိုင်ငံတော်ကိုတန်ဖိုးထားလေးစားခြင်း၊ အများ၏အကျိုးအတွက် စိတ်ရောကိုယ်ပါဆောင်ရွက်ခြင်း၊ တရားဥပဒေအရ လိုက်နာဆောင်ရွက်ခြင်း၊ အသိဉာဏ်နှင့်ယှဉ်၍ ရိုးသားဖြောင့်မတ်စွာဆန္ဒမဲပေးခြင်း စသည့်ပြည်သူ့တာဝန်များကိုသိရှိနားလည်ပြီး လိုက်နာကြရမည့်အပြင် နိုင်ငံတော်၏အကျိုးစီးပွားပျက်ပြားစေမည့် ပြည်တွင်းရန်၊ ပြည်ပရန်ဟူသမျှကို ကာကွယ်တွန်းလှန်တိုက်ဖျက်ရမည်ဟူသောသဘောထား၊ နိုင်ငံ၏ကာကွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိစွမ်းဆောင်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်ရမည်ဟူသော သဘောထားများရှိရပေမည်”** လို့ ရင်နှစ်သည်းချာနိုင်ငံ့ရတနာစာအုပ်မှာ ဖော်ပြထားပါတယ်။

ဆိုလိုရင်းကတော့ရှင်းပါတယ်။ ပြည်တွင်းရန်၊ ပြည်ပရန်ဟူသမျှကို ကာကွယ်တွန်းလှန်တိုက်ဖျက်ခြင်းမှာ နိုင်ငံသားတစ်ဦးအနေဖြင့် မဖြစ်မနေလုပ်ဆောင်ရမယ်လို့ဆိုထားပါတယ်။ ဒီကနေ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတဲ့တပ်မတော်သားတွေဟာ နိုင်ငံ့သားကောင်းတွေဖြစ်ပါတယ်။ သူတို့ဟာမည်သူတစ်ဦးတစ်ယောက်ရဲ့ တိုက်တွန်းချက်မှမပါဘဲ တပ်မတော်မှာဝင်ရောက်တာဝန်ထမ်းဆောင်နေကြသူတွေ ဖြစ်ပါတယ်။ တပ်မတော်ဆိုတာ နိုင်ငံအတွက်မရှိမဖြစ်တဲ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ တပ်မတော်ရဲ့အင်အားဟာ အမြဲတမ်းတောင့်တင်းခိုင်မာနေရပါတယ်။ ကျစ်ကျစ်လျစ်လျစ်ရှိနေရပါမယ်။ အဲဒီလိုဖြစ်နေဖို့အတွက် စိတ်ဓာတ်အားဖြင့်ကြံ့ခိုင်နေရပါမယ်။ မိမိတို့ဆန္ဒနဲ့တပ်မတော်ထဲကို ဝင်ရောက်နေသူတွေကြောင့် တပ်မတော်ရဲ့အင်အားရှိနေတာဖြစ်ပေမယ့် အကယ်၍ တပ်မတော်သို့ဝင်ရောက်အမှုထမ်းရန် ဆန္ဒပြုသူနည်းပါးလာခဲ့လျှင်ဆိုတဲ့ ကြိုတင်တွေးခေါ်မှုကိုလည်းရှိထားကြရမှာဖြစ်ပါတယ်။

အဓမ္မဝါဒီအဖျက်သမားတွေ ကြီးထွားမလာမီ ဓမ္မဝါဒီတွေများပြားဖို့လိုအပ်ပါတယ်။ ဒါမှလည်း လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပထမဦးဆုံးဖွင့်လှစ်ခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှာ သူ့ထက်ငါစာရင်းပေးသွင်းကြပါတယ်။ စာရင်းပေးသွင်းသူများပြားလှတဲ့အတွက် နောက်သင်တန်းအပတ်စဉ်တွေမှာ ဆက်လက်တက်ရောက်ကြဖို့စီစဉ်ပေးထားရပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)သင်တန်းကို ၂၀၂၄ ခုနှစ် ဧပြီလ ၈ ရက်မှာ တိုင်းစစ်ဌာနချုပ်တွေအလိုက် အောင်မြင်စွာဖွင့်လှစ်ခဲ့ပါတယ်။ ယခုဆိုရင် အောက်တိုဘာလ ၂၁ ရက်မှာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)အထိဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းသင်တန်းရဲ့သင်တန်းဖွင့်ပွဲတွေ၊ သင်တန်းဆင်းပွဲတွေကို တိုင်းစစ်ဌာနချုပ်အသီးသီးမှာသတ်မှတ်ရက်တွေအတိုင်း တစ်ပြိုင်တည်းကျင်းပနေတာဖြစ်ပါတယ်။ သင်တန်းပြီးမြောက်တဲ့ ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများဟာ တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးမှာ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးတာဝန်တွေကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပါပြီ။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကိုထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းမှာတာဝန်ရှိတဲ့အတွက် အဲဒီတာဝန်တွေကို ဦးလည်မသုန်ထမ်းဆောင်နိုင်ဖို့အတွက် စစ်ပညာသင်ကြားရန် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ယခင် ၂၀၁၀ ပြည့်နှစ်ထဲက ရေးဆွဲပြဋ္ဌာန်းထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှာ စတင်အာဏာတည်စေခဲ့တာဖြစ်ပါတယ်။

ဒီကနေ့ ကမ္ဘာ့အခြေအနေကိုလေ့လာကြည့်ရင် မိမိနိုင်ငံရဲ့ ကာကွယ်ရေးအင်အားကိုခိုင်မာသည်ထက်ခိုင်မာအောင်၊ တောင့်တင်းသည်ထက်ပိုမိုတောင့်တင်းအောင် တည်ဆောက်ဖို့လိုအပ်နေပြီဆိုတာ တွေ့မြင်သိရှိနိုင်ပါတယ်။ ကာကွယ်ရေးအင်အားမှာဘက်ပေါင်းစုံကဖြည့်တင်းထားဖို့လိုအပ်နေပါတယ်။ လူ၊ လက်နက်၊ ခေတ်မီနည်းပညာတွေကို အခြားနိုင်ငံတွေနဲ့ရင်ပေါင်တန်းနိုင်အောင်၊ ထိုမှတစ်ဆင့် သာလွန်အောင်လုပ်ဆောင်ထားဖို့လိုအပ်နေပြီဖြစ်ပါတယ်။

ဘက်စုံစစ်ပွဲအသွင်ကျူးကျော်ခြင်းများကို တန်ပြန်ကာကွယ်ဖို့အတွက် လူငယ်တွေမှာ ကာကွယ်ရေးအသိပညာ၊ အတတ်ပညာတွေ ပြည့်ဝတတ်မြောက်နေဖို့လိုအပ်ပါတယ်။ လူငယ်ဆိုတာတက်ကြွတယ်။ မခံချင်စိတ်ပြင်းထန်တယ်။ သာမန်အရပ်သားတစ်ဦးထက် တပ်မတော်သားတစ်ဦးဖြစ်လာတဲ့အခါမှာ နိုင်ငံနဲ့လူမျိုးချစ်တဲ့စိတ်ကပိုမိုပြင်းထန်လာပါတယ်။ သူတစ်ပါးကိုရန်စစော်ကားဖို့မဟုတ်ဘဲ မိမိနိုင်ငံရဲ့ လွတ်လပ်ရေးနဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရှည်ကြာနေစေဖို့၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိဖို့စိတ်ဓာတ်တွေ ပိုမိုများပြားလာပါတယ်။

တစ်ယောက်တစ်နယ်စီကနေလာကြတာဖြစ်ပေမယ့် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပြီးလို့ တပ်မတော်သားဖြစ်လာကြတဲ့အခါမှာ တကယ့်ကိုညီရင်းအစ်ကိုတွေလိုစိတ်ထားဖြစ်သွားပါတယ်။ ရဲဘော်စိတ်ပြည့်ဝသွားကြပါတယ်။ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ကျည်တစ်တောင့်၊ လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ တပ်မတော်၏ဂုဏ်ကိုမြှင့်တင်လိုသည့်စိတ်ဓာတ်၊ အချင်းချင်းရိုင်းပင်းကူညီလိုသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်တွေဟာ သူ့အလိုလိုဖြစ်ပေါ်လာခဲ့ပါတယ်။ အဲလိုမျိုးဖြစ်စေဖို့အခြေခံစစ်ပညာသင်တန်းကျောင်းတွေကသင်ကြားပို့ချပေးလိုက်ပြီးဖြစ်ပါတယ်။ တပ်မတော်သားတိုင်းသာနားလည်နိုင်တဲ့ ရဲဘော်စိတ်ဆိုတာရှိပါတယ်။ “ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရားနှင့်သစ္စာစောင့်သိမှုတရားပင်ဖြစ်၏” လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

တပ်မတော်သားတွေအနေနဲ့ မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားတွေထားရှိရင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတာမို့ တပ်မတော်ဟာဒီကနေ့တိုင် နိုင်ငံအတွက် ကျစ်လျစ်ခိုင်မာတဲ့အဖွဲ့အစည်းအဖြစ်ရပ်တည်နေနိုင်တာဖြစ်ပါတယ်။ အခုဆိုရင်ပြည်သူ့စစ်မှုထမ်းသင်တန်းသားတွေကလည်း မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့တွေမှာ “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်” ‘ဆိုတဲ့စိတ်ဓာတ်နဲ့အထက်ကပေးအပ်လာတဲ့အမိန့်နဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့အသက်သွေးကြောလို့တင်စားရတဲ့ ဧရာဝတီမြစ်ရေဟာ အလျဉ်မပြတ်စီးဆင်းနေပါတယ်။ နွေမိုးဆောင်းရာသီမရွေးစီးဆင်းလျက်ရှိနေသလို တပ်မတော်သားတွေဟာ နိုင်ငံတော်အတွက် စဉ်ဆက်မပြတ်တာဝန်ထမ်းဆောင်လျက်ရှိကြပါတယ်။ ပြည်သူ့စစ်မှုထမ်းအဖြစ်စဉ်ဆက်မပြတ်ဝင်ရောက်တာဝန်ထမ်းဆောင်နေကြတာဟာ ဧရာဝတီမြစ်ရေအလျဉ်မပြတ်စီးဆင်းနေသလိုပါပဲ။ ဒါ့ကြောင့် စဉ်ဆက်မပြတ် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေတဲ့ ပြည်သူ့စစ်မှုထမ်းလူငယ်များကိုလည်း **တသွင်သွင်စီးဆင်း မြစ်မင်းဧရာသို့ပမာ** နိုင်ငံအတွက်အဖိုးတန်လှပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါတယ်။ ။

◆ **ကျောဖုံးမှအဆက်**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။


(၁၀၀)

**▸▸ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး. . .**

# တပ်ကုန်းမြို့နယ်အတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဝါသီးနှံစိုက်ပျိုးရေး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝါစိုက်တောင်သူများ၊ မတ်ပဲစိုက်တောင်သူ၊ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း ပြောကြားပြီး အသင်းသား တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ကုန်းမြို့နယ်အတွင်းရှိ သူဌေးကုန်းကျေးရွာနှင့် မကျီးကုန်းကျေးရွာတို့မှ သမဝါယမအသင်းသား မတ်ပဲစိုက်တောင်သူ ၁၅ ဦး၏ မတ်ပဲစိုက် ဧက ၂၄ ဧကအတွက် တစ်ဧကလျှင်မတ်ပဲမျိုးစေ့ ၁၀ ပိဿာနှုန်းဖြင့် စုစုပေါင်း ပိဿာ ၂၄၀ အပါအဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မတ်ပဲစိုက်ဧကများအတွက် စုစုပေါင်း မတ်ပဲမျိုးစေ့ပိဿာ ၁၃၅၀ ကိုလည်းကောင်း၊ ချောင်းကမ်းကြီးကျေးရွာနှင့် ရှားတောကျေးရွာတို့မှ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့မှ နေကြာစိုက်အသင်းသား တောင်သူများ၏ နေကြာစိုက် ဧက ၁၅၀ အတွက် စမ်းဝတီ သဘာဝမြေဩဇာအိတ် ၁၅၀ အပါအဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ နေကြာစိုက်ဧက ၂၀၅၃ ဧကအတွက် စမ်းဝတီ သဘာဝမြေဩဇာ ၁၀၀၅ အိတ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြောက်မြိုက်ကျေးရွာ အုပ်စု ဒဟတ်ကုန်းကျေးရွာ လင်းရောင်ခြည် လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အသင်းသား တောင်သူ ၁၉ ဦးတို့၏ ဝါစိုက်ဧက ၃၂ ဧကကျော်တွင် စိုက်ပျိုးထားသော မိုးဝါများ ဆွတ်ခူးနေမှု အခြေအနေကိုလည်းကောင်း၊ အေးချမ်းသာစံပြကျေးရွာ၌ ပုဂ္ဂလိက လုပ်ငန်းရှင်၊ ကျေးရွာကော်မတီတို့ ပူးပေါင်း၍ စက်ရက်ကန်းဖြင့် ပိတ်စများ ထုတ်လုပ်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# (၁၂)ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဆက်လက်တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၅

(၁၂)ကြိမ်မြောက်အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး **(ASEAN Ministerial Meeting on Disaster Management–AMMDM)**နှင့် ဆက်စပ်အစည်းအဝေးများကို ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အောက်တိုဘာလ ၂၄ ရက်က ကျင်းပသည့် အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံက အာရှပစိဖိတ်ဒေသဘေးအန္တရာယ်စီမံခန့်ခွဲမှုဖိုရမ်ကျင်းပပြီးစီးခဲ့မှု အခြေအနေ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီပေးအပ်နေမှုအခြေအနေ၊ AHA Centre က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်မျှဝေမှုကိစ္စရပ်များ၊ အာဆီယံ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဌာန (Emergency Operation Center–EOC)နှင့် အာဆီယံနိုင်ငံများရှိ EOC များ ချိတ်ဆက်မှုလေ့ကျင့်ဆောင်ရွက်ခဲ့မှု၊ ဖိလစ်ပိုင်နိုင်ငံ၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ လူသားချင်းစာနာမှု အကူအညီထောက်ပံ့ပစ္စည်းများပေးပို့နိုင်ခဲ့မှု၊ အာဆီယံသိုလှောင်ရုံများသို့ ထောက်ပံ့ပစ္စည်းများ ဖြည့်ဆည်းရန် စီမံထားရှိမှုများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်ပါလုပ်ငန်းများ အကောင်အထည်ဖော်ရေးစီမံချက်လုပ်ငန်းအဖွဲ့(၃)ခု၏ အစည်းအဝေးများ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်များ ဖော်ဆောင်နိုင်မှု၊ ထောက်ပံ့ငွေများ၊ အကူအညီများ ရရှိ/သုံးစွဲမှု၊ ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းများ၊ AHA Centreနှင့် နားလည်မှုစာချွန်လွှာရေးထိုးရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အဖွဲ့ဝင်နိုင်ငံဝန်ကြီးများက ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် အာဆီယံနှင့် တရုတ်နိုင်ငံ ဘေးအန္တရာယ်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို ကျင်းပပြီး အာဆီယံ–တရုတ်အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန ထူထောင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို တရုတ်နိုင်ငံဘက် ပေးပို့ထားရှိမှု၊ အာဆီယံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် AADMER Work Program အကောင်အထည်ဖော်ရေးလုပ်ငန်းစီမံချက်နယ်ပယ် ၂၃ ခုဆောင်ရွက်နေမှု၊ အာဆီယံ–တရုတ်ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေချိတ်ဆက်လျှော့ချရေးမှုဘောင်ရေးဆွဲနေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အာဆီယံ–ဂျပန် ဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကို ကျင်းပပြီး အာဆီယံ–ဂျပန် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များ၊ ကိုရီးယားနိုင်ငံနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသီးခြားစီကျင်းပခဲ့ပြီး အာဆီယံ–ကိုရီးယားဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ၊ ထုတ်ပြန်ကြေညာမည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာပူးတွဲကြေညာချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ရေးစီမံချက် AADMER Work Program အကောင်အထည်ဖော်နိုင်ရန် အိန္ဒိယနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဥရောပသမဂ္ဂတို့နှင့် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီကိုယ်စား AHA Centre တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသည့်အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သော အာဆီယံ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (၄၅)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို ဝန်ကြီးများအဆင့်အစည်းအဝေးမတိုင်မီ အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံ၌ပင်ကျင်းပခဲ့ကြောင်းနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့က ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

★ စာမျက်နှာ ၁၇ မှအဆက်

တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မြေပေါ်မြေအောက်နှင့် ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်များရှိနေသည့် မိမိတို့နိုင်ငံတွင် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားကြပါက မိမိတို့နိုင်ငံသည် ဒေသတွင်းမှာသာမက ကမ္ဘာ့ထိပ်တန်းအဆင့်အထိ ရောက်ရှိမည်မှာ မလွဲဧကန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် **"တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တို့အားလုံးသည် သွေးချင်းညီအစ်ကိုများဖြစ်ပြီး အရေးကြီးရင် သွေးနီးကြရမည်"**ဆိုသည့်စိတ်၊ **"တောင်ပေါ်မြေပြန့်မခွဲခြား၊ တို့အားလုံးသည် သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်"** ဆိုသည့်စိတ်၊ **"မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့်မိသားစုများ"** ဆိုသည့် စိတ်ဓာတ်များပင်ဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်ကြရာတွင် အတွေးအခေါ်အယူအဆမှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ အထူးသဖြင့် မိမိတို့စာပေပညာသင်ကြားပေးရမည့် တိုင်းရင်းသားလူငယ်များကိုပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းပြီး နိုင်ငံ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသော မွန်မြတ်သည့်စိတ်စေတနာကောင်းများ ထာဝရရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပေးကြရန် အဓိကထား မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို အန္တိမရည်မှန်းချက်ထားပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည်များကို စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်

## ❖ မိမိတို့နိုင်ငံတွင် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အလွန်အရေးကြီး၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို အန္တိမရည်မှန်းချက်ထားပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည်များကို စတင်ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ် . . .

အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့တာဝန်ထမ်းဆောင်ကြရမည့်စာသင်ကျောင်းအသီးသီးတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန်အတွက် အရည်အချင်းပြည့်ဝသည့်ပညာတတ်လူကောင်း၊ လူတော်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေး၊ စာမတတ်သူ ပပျောက်ရေးနှင့် စာတတ်သူတိုင်း စာဖတ်ကြရေးဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော်က ဂါရဝပြု ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့မိမိတို့အား အချိန်ပေးတွေ့ဆုံပြီး သိသင့်သိထိုက်သည်များကို လမ်းညွှန်ဩဝါဒပေးသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ လမ်းညွှန်မှုများကို မိမိတို့အတွက် အရေးပါသည့် လုပ်ငန်းလမ်းညွှန်ချက်များအဖြစ်ခံယူပြီး အလေးအနက်ထားလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းညွှန်မှုများတွင်ပါဝင်သည့် နိုင်ငံသားများအားလုံး အသိပညာ၊ အတတ်ပညာနှင့်လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရေးအနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးတို့တွင် မိမိတို့အနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု အလေးအနက်ထားကတိပြုတင်ပြအပ်ပါကြောင်း၊ သင်တန်းဆင်းပြီးနောက်ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရချိန်တွင်လည်း နိုင်ငံတော်က ပြုစုပျိုးထောင်ပေးထားသည့် သားကောင်း၊ သမီးမွန်များပီသစွာ နိုင်ငံ့သားကောင်းစိတ်ဓာတ်ဖြင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား၊ ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံမေးမြန်းနှုတ်ဆက်အားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အားပေး



နေပြည်တော် အောက်တိုဘာ ၂၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့်ဌာနအကြီးအမှူးများ တက်ရောက်အားပေးကြသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့်စေတနာသွေးလှူရှင်စုစုပေါင်း ၃၅ ဦးတို့က လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအမှူးများက လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ သက်ဆိုင်ရာဆေးရုံများနှင့်သွေးဌာနများတွင် ပြုလုပ်ခဲ့ရာ စုစုပေါင်း ၂၁၀ ဦးသွေးလှူဒါန်းကြကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၁၄) ကြိမ်မြောက် စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

★ **ရှေ့ဖုံးမှအဆက်**

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့သည်မှာ ယခုအခါ သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့်သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့်ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့်လူငယ်များကိုမွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှုကောင်းမွန်ခြင်းအပေါ်တွင် မူတည်နေကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တာဝန်ကျရာ ဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်းဖြစ်ပေါ်လာစေရေးအလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းရင်းရင်းနှီးနှီးလိုက်လံမေးမြန်းနှုတ်ဆက်အားပေးစဉ်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများကိုယ်စား မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော်က ဂါရဝပြုကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။

စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးဖြစ်ရန်လည်းလိုအပ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"**ဆိုသည့်အတိုင်း မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစည်းကမ်းလိုက်နာခြင်းကအစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသားအလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် ကိုယ်တိုင်လေ့လာတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် လေ့ကျင့်ပေးသွားကြရန် လိုအပ်ကြောင်း။

လူသားများ၏ဘဝသည် အသိပညာ၊ အတတ်ပညာပြည့်စုံမှု ရှိ၊ မရှိ အပေါ်တွင် မူတည်ပြီး ကွာခြားမှုများ၊ ပြောင်းလဲမှုများရှိနေခြင်းပင်ဖြစ်ကြောင်း၊ ငယ်စဉ်ကတည်းက ပညာကိုတစိုက်မတ်မတ်ဖြင့် ဆုံးခန်းတိုင်အောင်သင်ယူနိုင်ကြပါက ဘဝအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ ပညာတစ်စိတ်တစ်ပိုင်းဖြင့် ကျောင်းထွက်ကြရပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာကိုဆုံးခန်းတိုင် မသင်နိုင်ကြပါက ပညာပြည့်ဝသင့်သလောက် မပြည့်ဝနိုင်ဘဲ ဘဝတွင်လိုအပ်ချက်များရှိနေကြမည်ပင်ဖြစ်ကြောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့် အစရှိသည့် ပညာကိုသင်ယူပါက သင်ယူနိုင်သလောက် ဘဝတွင်လိုအပ်ချက်များ ပြည့်စုံနိုင်သည်ကို မိမိကိုယ်တွေ့နှင့်နှိုင်းယှဉ်ပြီး မိမိတို့တပည့်များကို ပညာကိုသင်ယူနိုင်သလောက် သင်ယူကြရန်၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ ကျွမ်းကျင်သူ၊ ပါရဂူများဖြစ်သည်အထိ ကြိုးစားသွားကြရန်၊ တိုက်တွန်း

**❖ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေး စနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ . . .**

**❖ စာသင်ကျောင်းဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာ သက်သက်သာမဟုတ်ဘဲ ပညာရေး၏အနှစ်သာရဖြစ်သည့် အသိဉာဏ် ပညာဆိုင်ရာ ဗဟုသုတများပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ် နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့်နေရာမျိုးဖြစ်ရန်လည်း လိုအပ် . . .**

**❖ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလ ငါးတန်နှင့်ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့်လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ၊ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှုကောင်းမွန်ခြင်းအပေါ်တွင် မူတည်နေ. . .**



ဂါရဝပြုပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကျောင်းသား၊ ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

လေ့ကျင့်ပေးကြရန်မှာကြားလိုကြောင်း။

**လူသားတစ်ယောက်အတွက် အတတ်ပညာပြည့်ဝရေးသည် အခြေခံလိုအပ်ချက်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်အယူအဆပြည့်စုံမှန်ကန်ရေးသည်လည်းမရှိမဖြစ်လိုအပ်**ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းသည် ပညာရေးနှင့် ဆက်စပ်နေခြင်းဖြစ်သဖြင့် မောင်တို့၊ မယ်တို့ ရောက်ရာဒေသ၊ တာဝန်ကျတဲ့နေရာများတွင် အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**မျက်မှောက်ကာလ မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့အရ မြန်မာနိုင်ငံသားတိုင်း ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာကို ကာကွယ်ရန် အချိန်ကျရောက်လာပြီဖြစ်**ကြောင်း၊ ပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံးနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးကိုကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့် တပ်မတော်ကို ပြည်သူ့အားဖြင့် ပူးပေါင်းကူညီကြရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တာဝန်များကို ပြည်သူနှင့်တပ်မတော် အတူတကွဦးထမ်းပဲ့ထမ်းတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည်ကို မိမိတို့တစ်တွေ ဖြတ်သန်းခဲ့သည့်သမိုင်းက ပြဆိုခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားဖြင့်သာအဓိကထား **စာမျက်နှာ ၁၅သို့** ☆

**❖ မျက်မှောက်ကာလ မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့အရ မြန်မာနိုင်ငံသားတိုင်း ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာအာဏာကိုကာကွယ်ရန် အချိန်ကျရောက်လာပြီဖြစ်၊ ပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံးနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်၊ ထိုသို့ဆောင်ရွက်ခြင်းသည် အမျိုးသားရေး တာဝန်လည်းဖြစ် . . .**

**❖ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်၊ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် အလွန်အရေးကြီး၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် “တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တို့အားလုံးသည် သွေးချင်းညီအစ်ကိုများဖြစ်ပြီး အရေးကြီးရင် သွေးနီးကြရမည်” ဆိုသည့်စိတ်၊ “တောင်ပေါ်မြေပြန့်မခွဲခြား၊ တို့အားလုံးသည် သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်” ဆိုသည့်စိတ်၊ “မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် အတူတကွချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့်မိသားစုများ” ဆိုသည့် စိတ်ဓာတ်များပင်ဖြစ် . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets students of five-year education degree course No 6 of the University for the Development of the National Races of the Union



Senior General Min Aung Hlaing delivers a speech in meeting with students of five-year education degree course No 6 of the University for the Development of the National Races of the Union.

NAY PYI TAW October 25

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met students of five-year education degree course No 6 of the University for the Development of the National Races of the Union at the Ngu Shwewa Hall at his office this morning.

Also present were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, SAC Secretary General Aung Lin Dway, SAC Joint Secretary General Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, officials, the rector, faculty members and students of the university.

In his address, the Senior General said the Academy for the Development of the National Races of the Union,opened on 20 October 1964, was upgraded to the University for the Development of the National Races of the Union on 10 May 1991, and the UDNR had already brought about 14,288 alumni who had completed their relevant courses.

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

# ကွန်ပျူတာနှင့် ကျန်းမာရေးပြဿနာ

၂၁ ရာစုမှာ ကွန်ပျူတာနဲ့ အိုင်တီ(IT)ခေတ် ရောက်နေပါပြီ။ ကွန်ပျူတာတစ်လုံးရှေ့မှာ တစ်နေကုန်ထိုင်ပြီး နေ့စဉ်နဲ့အမျှအလုပ်လုပ်နေသူတွေက ခါးနာတာ၊ လည်ပင်းနာတာ၊ မျက်စိပြဿနာ စတာတွေ ခံစားရနိုင်ပါတယ်။ ရုံးဝန်ထမ်းတွေ၊ ကွန်ပျူတာနဲ့ စာရေး၊ စာရိုက်သူတွေအနေနဲ့ ဒီလိုပြဿနာတွေမဖြစ်အောင် လိုက်နာနေထိုင်ကြဖို့ အကြံပြုအပ်ပါတယ်။

**အနေအထားမှန်ကန်သင့်ပါတယ်**

ကွန်ပျူတာနဲ့ မျက်စိရဲ့အကွာအဝေးက အရေးကြီးပါတယ်။ ကွန်ပျူတာက မျက်စိရဲ့အောက်ဘက် နည်းနည်းနိမ့်နေတာကြောင့် နောက်ကျောနဲ့လည်ပင်းမှာ နာကျင်တာ၊ အပေါ်ဘက်မြင့်နေတာကြောင့် မျက်စိခြောက်တာတွေဖြစ်နိုင်ပါတယ်။ ဒါကြောင့် Computer Screen ထားတဲ့နေရာနဲ့ အနေအထားမှန်ကန်ဖို့အရေးကြီးပါတယ်။

**စာလုံးပမာဏကြီးသင့်ပါတယ်**

ကွန်ပျူတာမှာ ကိုယ်ကြည့်နေကျစာလုံးပမာဏကို ကြီးတဲ့အနေအထားပြောင်းသင့်ပါတယ်။ စာလုံးပမာဏသေးနေတဲ့အခါမျိုးမှာ မျက်စိကအာရုံစိုက်ပြီးကြည့်နေရတာကြောင့် မောပန်းတာနဲ့ ခေါင်းကိုက်တာတွေဖြစ်နိုင်ပါတယ်။

**ရေသောက်သင့်ပါတယ်**

ရေသောက်တာက ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပါတယ်။ အလုပ်စားပွဲမှာရှိတဲ့ရေဘူးကို ရေအမြဲဖြည့်ထားသင့်ပါတယ်။ ဒါမှ ရေသောက်ဖြစ်မှာဖြစ်သလို ဆီးလည်းထသွားဖြစ်မှာဖြစ်ပါတယ်။ ကွန်ပျူတာရှေ့ကခွာပြီး လမ်းလျှောက်နိုင်ပါတယ်။

**(၂၀:၂၀:၂၀)စည်းမျဉ်းလိုက်နာသင့်ပါတယ်**

ကွန်ပျူတာကိုပဲ တစ်နေကုန်ကြည့်ပြီး အလုပ်လုပ်နေတဲ့အခါမှာ မျက်စိညောင်းတာမဖြစ်အောင် (၂၀:၂၀:၂၀)စည်းမျဉ်းကို လိုက်နာဖို့လိုပါတယ်။ မိနစ် ၂၀ ခန့် ကွန်ပျူတာကြည့်ပြီးတိုင်း ပေ ၂၀ ခန့်အကွာကို စက္ကန့် ၂၀ ကြာငေးကြည့်သင့်ပါတယ်။ အလုပ်ကိုနှောင့်နှေးရာမှာ စိတ်မပူသင့်ပါဘူး။ အဲဒီစည်းမျဉ်းကိုလိုက်နာလိုက်တာကြောင့် အလုပ်မှာပိုမိုတွင်ကျယ်ပြီး ထိရောက်မှုရှိနေတဲ့အပြင် မျက်စိအမြင်အာရုံနဲ့ ပတ်သက်တဲ့ပြဿနာတွေကိုလည်း နည်းသွားစေပါတယ်။

**သတိပေးနှိုးစက်ထားသင့်ပါတယ်**

တစ်နာရီပြည့်တိုင်း သတိပေးတဲ့နှိုးစက်ကို သံပတ်ပေးသင့်ပါတယ်။ အလုပ်ထဲစိတ်ရောက်နေရင် တစ်နာရီပြည့်သွားပေမယ့် အာရုံက အလုပ်ထဲမှာပဲရှိနေတတ်ပါတယ်။ နာရီသံပတ်ပေးထားမယ်ဆိုရင် တစ်နာရီပြည့်တိုင်း ကွန်ပျူတာကနေ မျက်စိခဏခွာဖို့ သတိရနေမှာဖြစ်ပါတယ်။

**မျက်စိကို အနားပေးသင့်ပါတယ်**

ကွန်ပျူတာကို နေ့စဉ်ကြည့်ပြီးအလုပ်လုပ်ရသူတွေက မျက်စိကို တစ်နေကုန်အနားမပေးဘူးဆိုရင် မျက်စိညောင်းတာသာမက ကွန်ပျူတာကြောင့်ဖြစ်တဲ့ အမြင်ပြဿနာတွေပါခံစားရနိုင်ပါတယ်။ ဒါကြောင့် ကွန်ပျူတာနဲ့ဝေးရာကို ခဏလောက်လမ်းလျှောက်ထွက်ဖို့လိုပါတယ်။

**ထိုင်ခုံနေရာမှာ လေ့ကျင့်ခန်းလုပ်သင့်ပါတယ်**

အလုပ်စားပွဲမှာ အလုပ်လုပ်ရင်း လေ့ကျင့်ခန်းလုပ်လို့ရပါတယ်။ ရုံးမဆင်းခင် သုံးနာရီလောက်မှာ ထိုင်ခုံမှာပဲထိုင်ပြီး ကိုယ်လက်လှုပ်ရှားမှုတွေလုပ်တာကြောင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေပါတယ်။ ထိုင်ခုံနေရာမှာပြုလုပ်နိုင်တဲ့လေ့ကျင့်ခန်းတွေကို လေ့လာကာ ခေါင်း၊ ခါး၊ ခြေ၊ လက်ပါဝင်တဲ့လေ့ကျင့်ခန်းမျိုး တစ်နာရီကြာတိုင်း ၁၅ မိနစ်ခန့် လုပ်ကိုင်ပေးရင် ကွန်ပျူတာကြောင့်ဖြစ်တဲ့ ကိုက်ခဲတာ၊ မျက်စိမှုန်တာ ကင်းဝေးစေပါတယ်။

ကွန်ပျူတာအသုံးများရင် ကျန်းမာရေးပြဿနာတွေလည်းရှိသေးလို့ တစ်နေကုန်ထိုင်ပြီး တောက်လျှောက်မကြည့်သင့်ဘူး။ အရိုးအဆစ်တွေ နာကျင်ကိုက်ခဲတတ်ပါတယ်။ ကွန်ပျူတာကို ထိုင်ပြီးအသုံးပြုနေရတာဖြစ်တဲ့အတွက် အချိန်ကြာလာတဲ့အခါ ကျောရိုးနဲ့လည်ပင်းမှာရှိတဲ့ အရိုးအဆစ်တွေကိုက်ခဲနာကျင်လာတယ်။ ပခုံးကြွက်သားကိုက်ခဲလာတယ်။ ခေါင်းမူး၊ ခေါင်းကိုက်လာပါမယ်။

**''ကွန်ပျူတာမျက်နှာပြင်ကိုပဲ အချိန်ကြာရှည်စွာကြည့်တဲ့အခါ မျက်စိက ပိုပြီးအားစိုက်ရပါတယ်။ ဒါကြောင့် အချိန်ကြာလာတဲ့အခါ မျက်စိကဒဏ်ဖြစ်လာပါတယ်။ မျက်စိမှုန်တာ၊ အမြင်အာရုံဝေဝါးတာ၊ အဝေးမှာရှိတဲ့အရာတွေကို သေချာအားစိုက်ပြီးကြည့်လို့မရတော့ဘဲ ခေါင်းတွေကိုက်လာပါတယ်။ အာရုံကြောစနစ်လည်း အားနည်းနိုင်ပါတယ်။ ကြိုတင်ကာကွယ်နိုင်ပါတယ်. . .''**

ထိုင်နေတဲ့အခါ လှုပ်ရှားမှုမရှိပေမယ့် ခန္ဓာကိုယ်က တချို့အစိတ်အပိုင်းတွေက အချိန်ကြာကြီးပုံမှန်အလုပ်လုပ်နေရပါတယ်။ အချိန်ကြာလာတာနဲ့အမျှ သွေးလည်ပတ်မှုနည်းလာမယ်။ နာကျင်မှုတွေခံစားလာရမယ်။ ကျန်းမာရေးနဲ့ပတ်သက်တဲ့ နောက်ဆက်တွဲအန္တရာယ်တွေ ဖြစ်လာနိုင်ခြေပိုမြင့်လာနိုင်ပါတယ်။

- ကွန်ပျူတာအသုံးပြုဖို့အတွက် သီးသန့်ထုတ်လုပ်ထားတဲ့စားပွဲ၊ ကုလားထိုင်မှာထိုင်ပြီး အသုံးပြုသင့်ပါတယ်။
- ကွန်ပျူတာမျက်နှာပြင်က မျက်စိနဲ့တစ်ထပ်တည်း၊ တစ်တန်းတည်း ဒါမှမဟုတ် မျက်စိအောက်နည်းနည်းရောက်နေသင့်တယ်။
- ထိုင်ခုံမှာထိုင်တဲ့အခါ ကျောရိုးနဲ့လည်ပင်းအရိုးအဆစ်တွေကို ဒဏ်မဖြစ်စေဖို့ သက်သောင့်သက်သာဖြစ်စေမယ့်အနေအထားနဲ့ ထိုင်သင့်ပါတယ်။
- နာရီဝက်ခြားတစ်ခါ မတ်တတ်ရပ်ပြီး လမ်းထလျှောက်တာ၊ ကွန်ပျူတာနဲ့ အဝေးတစ်နေရာဆီကြည့်တာ၊ အကြောလျှော့တာမျိုး၊ အမြင်လျှော့တာမျိုးလုပ်သင့်ပါတယ်။

မျက်စိကိုက်လာတတ်ပါတယ်။ ကွန်ပျူတာမျက်နှာပြင်ကိုပဲ အချိန်ကြာရှည်စွာကြည့်တဲ့အခါ မျက်စိက ပိုပြီးအားစိုက်ရပါတယ်။ ဒါကြောင့် အချိန်ကြာလာတဲ့အခါ မျက်စိကဒဏ်ဖြစ်လာပါတယ်။ မျက်စိမှုန်တာ၊ အမြင်အာရုံဝေဝါးတာ၊ အဝေးမှာရှိတဲ့အရာတွေကို သေချာအားစိုက်ပြီးကြည့်လို့မရတော့ဘဲ ခေါင်းတွေကိုက်လာပါတယ်။ အာရုံကြောစနစ်လည်း အားနည်းနိုင်ပါတယ်။ ကြိုတင်ကာကွယ်နိုင်ပါတယ်။

- ကြိုတင်ကာကွယ်ရာမှာ ပြတင်းပေါက်ကနေ အလင်းရောင်က ကွန်ပျူတာမျက်နှာပြင်ပေါ်ကျရောက်နေတာမျိုးမဖြစ်သင့်ပါဘူး။ အလင်းပြန်တဲ့အခါ မျက်စိကိုပိုပြီးထိခိုက်စေပါတယ်။
- ကွန်ပျူတာနဲ့မျက်စိက တအားမနီးကပ်သင့်ပါဘူး။
- ကွန်ပျူတာအလင်းအမှောင်(မီး)ကို လျှော့ထားသင့်ပါတယ်။
- မကြာခဏ ကွန်ပျူတာနဲ့ဝေးတဲ့နေရာကြည့်ပေးသင့်ပါတယ်။ မျက်စိကိုခေတ္တမှိတ်ပြီး အနားပေးသင့်ပါတယ်။
- အမြင်အာရုံဝေဝါးတာ၊ ခေါင်းမူးခေါင်းကိုက်တာဖြစ်လာပြီဆိုရင် ဆရာဝန်နဲ့အမြန်ဆုံးပြသသင့်ပါတယ်။
- ကိုယ့်မျက်စိအခြေအနေကို မျက်ခြည်မပြတ်အောင် မျက်စိဆရာဝန်ဆီမှာ ပုံမှန်စစ်ဆေးမှုခံယူသင့်ပါတယ်။
- ကွန်ပျူတာအသုံးပြုတဲ့ကလေးတွေက ငယ်ငယ်ရွယ်ရွယ်နဲ့ အဝလွန်လာမယ်။ ကွန်ပျူတာရှေ့မှာ အချိန်အကြာကြီးထိုင်ပြီးဂိမ်းဆော့ကြပါတယ်။ စာလုပ်ကြတယ်။ အထိုင်များပြီး လှုပ်ရှားမှုနည်းလာတဲ့အခါ လေးလံထိုင်းမှိုင်းလာမယ်။ အာရုံစူးစိုက်မှုအားနည်း (ကျောင်းစာအားနည်း)လာမယ်။ ကိုယ်အလေးချိန်တက်လာပြီး အဝလွန်လာပါတယ်။ နောက်ဆက်တွဲ နှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါတွေ ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ပါတယ်။

ဒ့ါပြင် ကလေးတွေအရွယ်က ကြီးထွားဖွံ့ဖြိုးရမယ့်အရွယ်ဖြစ်တာကြောင့် ကိုယ်လက်လှုပ်ရှားမှုမရှိတဲ့အခါမှာ တခြားကလေးတွေနဲ့ ယှဉ်လိုက်ရင် သေးငယ်နေမယ်။ စိတ်ပိုင်းဆိုင်ရာမှာလည်း ပြဿနာတွေဖြစ်တယ်။ ရန်လိုတဲ့အပြုအမူတွေလုပ်လာမယ်။ မျက်စိအကြောဆွဲတာလိုမျိုး အာရုံကြောနဲ့ဆက်စပ်နေတဲ့လက္ခဏာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

အနှစ်ချုပ်ဆိုရရင် ကလေးတွေ ကွန်ပျူတာအသုံးများပြီး ကျန်းမာရေးပြဿနာတွေမကြုံလာစေဖို့အတွက် မိဘတွေက သေချာဂရုစိုက်ပြီး အလေ့အကျင့်လုပ်ပေးထားဖို့လိုပါတယ်။ အပြင်ထွက်ပြီးကစားခိုင်းတာမျိုး၊ ကိုယ်လက်လှုပ်ရှားမှုအတူလုပ်ပေးတာမျိုးစတဲ့ကလေးတွေကို စိတ်ခံတတ်တက်တက်ကြွကြွဖြစ်အောင်နေထိုင်ပုံတွေကို စိတ်ရှည်ရှည်နဲ့ ပုံသွင်းပေးသင့်ပါတယ်။

*ဒေါက်တာလွင်သန့်*

---

# ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



ညောင်လေးပင် အောက်တိုဘာ ၂၅

လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော တစ်ကွင်းတစ်ဆက်တည်း ၁၆၅ ဧက မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာလ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ဇီးကုန်းကြီးကျေးရွာအုပ်စု ဇီးကုန်းကြီးကျေးရွာ ကွင်းအမှတ် (၁၄၀/ခ) ဦးပိုင်အမှတ် (၄၁/၂) တောင်သူ ဦးစိုးတင့်၏ YSR-1 မိုးစပါးရှစ်ကေ၌ ကျင်းပခဲ့ကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က မိုးစပါးစံကွက်ရိတ်သိမ်းရခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲတွင် ရပ်ကွက်/ကျေးရွာအဖွဲ့ဝင်များနှင့် တောင်သူများစုပေါင်း၍ စံကွက်ကောင်း/သင့်/ညံ့ အကွက်များကို ရိတ်သိမ်းခဲ့ကြရာ တစ်ကေလျှင် ပျမ်းမျှ စပါးအစို ၁၆၀ ဒသမ ၇၅ တင်းထွက်ရှိခဲ့ပြီး အခြောက် ၁၄၂ ဒသမ ၅၂ တင်းထွက်ရှိရာ အထွက်နှုန်းကောင်းမွန်ကြောင်း၊ စံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထက်နှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာတန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော် ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်အပ်ခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာတန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၉)ရက်နေ့ကစတင်ပြီး နိုဝင်ဘာလ (၁၇)ရက်နေ့အထိ ပဲခူးမြို့ ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ပွဲတော်လာသည့်ပရိသတ် (၁၅၀၀၀)အား စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်ဖျော်ဖြေမှုများ၊ ဖျော်ဖြေရေးယာဉ်များဖြင့် မြို့တွင်းလှည့်လည်ဖျော်ဖြေမှုများ၊ ညမီးကြီး၊ စိန်နားပန်နှင့် အလှရုပ်များအပါအဝင် မီးပုံးပျံများလွှတ်တင်မှုများ၊ တန်ခိုးကြီးဘုရားစေတီများတွင် ဆီမီး (၁၀၀၀၀)ထွန်းညှိခြင်း၊ မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသထားမှုများ၊ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

**ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဘဏ္ဍာရေးနှစ် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် Myanmar CDC ဝင်းအတွင်း သစ်ပင်၊ ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြေယာပြုပြင်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ငှားရမ်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇) နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ရယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.14.Gardening (2024-2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၈-၁၀-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၁၁-၁၁-၂၀၂၄ ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဘဏ္ဍာရေးနှစ် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် Myanmar CDC ရုံးအတွင်း သန့်ရှင်းရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ငှားရမ်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် သက်တမ်းရှိကုမ္ပဏီများအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇) နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ရယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.15.Cleaning (2024-2025) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၈-၁၀-၂၀၂၄ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၁၁-၁၁-၂၀၂၄ ရက်နေ့ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### မိခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဘားအံမြို့၊ အထက တောင်ကလေး Grade-12 အခန်း B မှ နန်းဝါဝါပွင့်ခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းမိသေးသေး ၃/လဘန(နိုင်)၁၁၈၈၉၆ နှင့် မွေးသက္ကရာဇ်အမှန်မှာ ၃-၁-၂၀၀၇ ဖြစ်ပါကြောင်း။

**ဒေါ်နန်းမိသေးသေး၊ ၃-၁-၂၀၀၇**

### ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ နယ်မြေ(၆)၊ အမှတ်(၃)ရပ်ကွက်နေ မသီတာ(ဘ) ဦးနာစီဒတ် ၁၃/လရန(နိုင်)၀၀၃၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 524210)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၈၇၉၄၁၅**

### မွေးသက္ကရာဇ်အမှန်

ပျော်ဘွယ်မြို့နယ်၊ စံပါယ်ကုန်း(ရ)ရွာနေ (ဘ)ဦးလှသိန်း၏သမီး မအေးမြင့်သန်း ၉/ပဘန(နိုင်)၂၃၄၂၁၈၏ မွေးသက္ကရာဇ်အမှန်မှာ၁၄-၉-၁၉၉၆ ဖြစ်ပါကြောင်း။

**၁၄-၉-၁၉၉၆**

### မိဘအမည်မှန်

ဘားအံမြို့၊ အထက တောင်ကလေး Grade -12 အခန်း-B မှ စောဘထွန်း ၃/ဘအန(နိုင်) ၅၅၄၁၀၃ ၏ဖခင်အမည်မှန်မှာ ဦးစောမြမောင် ၃/ဘအန(နိုင်) ၂၃၅၈၀၇ နှင့် မိခင်အမည်မှန်မှာ ဒေါ်နန်းဖော့သိန်းခိ ၃/ဘအန(နိုင်)၂၅၆၃၂၉ ဖြစ်ပါကြောင်း။

**ဦးစောမြမောင်-ဒေါ်နန်းဖော့သိန်းခိ**

### ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဓမ္မဝါသီ(၁)လမ်းနေ နန်းသူသူကျော်ဦး(ဘ)ဦးစောသန်းကျော်ဦး ၁၀/ကမရ(နိုင်)၀၈၃၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MM 666378)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၂၄၄၀၈၉**

### ပျောက်ဆုံးကြောင်း

သိရိမွန်(ဘ)ဦးတင်လှ ၁၄/ဟသတ(နိုင်)၃၂၀၇၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၀၈၈၂၀၇၂**

### ပျောက်ဆုံးကြောင်း

လှိုင်ဝင်းထွန်း(ဘ)ဦးထွန်းငွေ ၁၂/သဃက(နိုင်)၁၆၅၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၇၆၃၂၂၃၁**

### ပျောက်ဆုံးကြောင်း

ထွန်းလင်းအောင်(ဘ)ဦးခင်မောင်ဝင်း ၇/ပခန(နိုင်)၄၃၃၉၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 242650)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

# (၄၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများကို အွန်လိုင်းစနစ်ဖြင့် လက်ခံကျင်းပ






နေပြည်တော် အောက်တိုဘာ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဆောင်ရွက်သည့် (၄၆)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး နှင့်ဆက်စပ်အစည်းအဝေးများကို အွန်လိုင်းစနစ်ဖြင့်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် (၂၄)ကြိမ်မြောက်အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သည်။

(၂၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများက အစည်းအဝေး၏ ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေနိုင်ငံ၊ အပေါင်းသုံးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးသစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအပေါင်းသုံး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာ (၂၀၁၆–၂၀၂၅) အရ၂၀၂၃–၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများဖြစ်ကြသော အာဆီယံအပေါင်းသုံး ဆန်အရန်ရိက္ခာထားရှိရေးအစီအစဉ်၊ အာဆီယံစားရေရိက္ခာဖူလုံရေး သတင်းစနစ်ဆိုင်ရာလုပ်ငန်းများ၊ ဇီဝစွမ်းအင်ဖွံ့ဖြိုးတိုးတက်စေရေး စီမံချက်များ၊ ရေရှည်တည်တံ့သော သစ်တောကဏ္ဍစီမံခန့်ခွဲရေးဆိုင်ရာစီမံကိန်းများ၊ အပင်နှင့်တိရစ္ဆာန် ကျန်းမာရေးထိန်းချုပ်ရေးလုပ်ငန်းများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးပြည့်မီစေရေးနှင့် ဈေးကွက်ရရှိရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ သုတေသနနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ကြပြီး ၂၀၂၅ ခုနှစ်အလွန်တွင် အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများရှိ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များ ချမှတ်ခဲ့ကြသည့်အပြင် အစည်းအဝေး၏ပူးတွဲကြေညာချက်ကိုလည်း အတည်ပြုခဲ့ကြသည်။

၎င်းနောက် ဖိလစ်ပိုင်နိုင်ငံမှ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် In Person ဖြင့် လက်ခံကျင်းပမည်ဖြစ်ပါကြောင်း ဖိလစ်ပိုင်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရိုက်ကူးထားသည့် ဗီဒီယိုပြသ၍ အစည်းအဝေးသို့ အသိပေးကြေညာခဲ့သည်။

မွန်းလွဲပိုင်းတွင်ကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံ–အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး နှင့်အတူ အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့်တောင်သူလယ်သမားရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Shri Shivraj Singh Chouhan တို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ကြပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ တီမောလက်စ်တေနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးသစ်တောဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ–အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကာလလယ်လုပ်ငန်းအစီအစဉ်(၂၀၂၁–၂၀၂၅)၏ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံ–အိန္ဒိယ စိုက်ပျိုးရေးနှင့် ဆက်စပ်သိပ္ပံဘာသာရပ်များအတွက် ပညာသင်ဆုပေးအပ်ခြင်း စီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြေဆီလွှာကျန်းမာရေးကို ကတ်ပြားအသုံးပြုစစ်ဆေးခြင်းဖြင့် ဂေဟစနစ်အားပြန်လည်ကောင်းမွန်စေသည့်စိုက်ပျိုးရေးစနစ်ဆိုင်ရာ စီမံကိန်းနှင့် ဉာဏ်ရည်တုအသုံးပြုခြင်း၊ အင်တာနက်နှင့် အာရုံခံချစ်ပြားတို့ကို အသုံးပြု၍ ကိန်းဂဏန်းအချက်အလက်များ တိုင်းထွာခြင်း၊ ကွန်ပျူတာဉာဏ်ရည်စနစ်ဖြင့် တိကျသည့် စိုက်ပျိုးရေးစနစ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းတို့ အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် အာဆီယံ–အိန္ဒိယ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြသည်။

၎င်းနောက် ၂၀၂၆ ခုနှစ်တွင် ပြုလုပ်မည့် (၉)ကြိမ်မြောက်အာဆီယံ–အိန္ဒိယလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးကို အိန္ဒိယနိုင်ငံမှလက်ခံကျင်းပမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ကိုယ်စားလှယ်ခေါင်းဆောင်မှ ကြေညာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ထောက်ပံ့ငွေပေးအပ်



နေပြည်တော် အောက်တိုဘာ ၂၅

ကလေးမြို့နယ်ကြို့သုံးပင်(၁၁)ရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်ကြပ်ငွန်ဒိုထန် (အငြိမ်းစား) အသက် ၁၀၁ နှစ်နှင့် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သား ဒေါင်လွမ်း (အငြိမ်းစား) အသက် ၁၀၃ နှစ်တို့ကို ယမန်နေ့က သက်ဆိုင်ရာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုထောက်ပံ့ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တပ်ကြပ် ငွန်ဒိုထန်(အငြိမ်းစား)ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် ကလေးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဂါရဝပြုထောက်ပံ့ပေးအပ်သည်။


အလားတူ တပ်သား ဒေါင်လွမ်း (အငြိမ်းစား)ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဂါရဝပြုထောက်ပံ့ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၅

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မြင်းခြံ | (၃.၃၁)လက်မ |
| ချောက် | (၁.၆၉)လက်မ |
| မန္တလေး (အောင်မြေသာစံ) | (၁.၅၃)လက်မ |
| မင်းဘူး | (၁.၃၈)လက်မ |
| ပုသိမ်ကြီး | (၁.၃၄)လက်မ |
| မလှိုင် | (၁.၃၀)လက်မ |
| သာယာဝတီ | (၁.၂၆)လက်မ |
| အင်္ဂပူ | (၁.၂၆)လက်မ |
| လက်ပံတန်း | (၁.၂၂)လက်မ |
| သဲကုန်း | (၁.၂၀)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၅ | ၂၂ |
| ရှမ်း(မြောက်) | ၁၈ | ၃၁ |
| ရှမ်း(အရှေ့) | ၁၉ | ၃၂ |
| ရှမ်း(တောင်) | ၁၅ | ၂၇ |
| ချင်း | ၁၃ | ၁၇ |
| စစ်ကိုင်း(အထက်) | ၂၃ | ၂၇ |
| စစ်ကိုင်း(အောက်) | ၂၂ | ၃၀ |
| နေပြည်တော် | ၂၄ | ၃၂ |
| မန္တလေး | ၂၄ | ၃၃ |
| မကွေး | ၂၄ | ၃၂ |
| ရခိုင် | ၂၅ | ၃၄ |
| ပဲခူး | ၂၃ | ၃၃ |
| ရန်ကုန် | ၂၄ | ၃၃ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၂၁ | ၃၀ |
| ကရင် | ၂၃ | ၃၅ |
| မွန် | ၂၄ | ၃၃ |
| တနင်္သာရီ | ၂၂ | ၃၂ |

# တောင်ကြီးမြို့၊ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား၌ (၂၃)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲ ဖွင့်ပွဲကျင်းပပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်တာဝန်ရှိသူများက (၂၃)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၃)ကြိမ်မြောက် ကမ္ဘောဇသာမဏေကျော်စာမေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဓမ္မာရုံရှေ့၌ ပြုလုပ်ရာ တောင်ကြီးမြို့၊ ကံသာရပ်ကွက်ရှိ စွန်းလွန်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသအမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့်ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကမ္ဘောဇသာမဏေကျော်စာမေးပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ထီးဖြူတော်များကို ဖွင့်လှစ်ပေးကြပြီး အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရားကြီးအားဖူးမြော်ကြည်ညိုကာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါကမ္ဘောဇသာမဏေကျော်စာမေးပွဲကို ပထမအဆင့်ဖြေဆိုမည့်သံဃာတော် ၇၅၆ ပါး၊ ဒုတိယအဆင့်ဖြေဆိုမည့် သံဃာတော် ၁၆၁ ပါး၊ တတိယအဆင့်ဖြေဆိုမည့်သံဃာတော် ၁၀၄ ပါး၊ စုစုပေါင်း ၁၀၂၁ ပါးဖြင့် အောက်တိုဘာလ ၂၇ ရက်နေ့အထိ ဖြေဆိုကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ရေကန်များ ပြန်လည်တူးဖော်နေမှုကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းတူးဖော်နေသည့် ကိုဖြူကန်နှင့် တောရကျောင်းကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒေသခံတောင်သူများ၏ ဆီထွက်သီးနှံမြေပဲစိုက်ခင်းများကိုလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ကုန်းတန်းကြီးကျေးရွာအဝင်လမ်းတစ်မိုင်ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နေမှု၊ မင်းနန်သူကျေးရွာအဝင်လမ်းအရှည် ၂ ဒသမ ၈၅ ဖာလုံကတ္တရာခင်းခြင်းလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော မင်းနန်သူကျေးရွာတွင်းလမ်း အရှည်ပေ ၁၆၅၀ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် ပေ ၃၀ Slab Culvert နှစ်စင်းတည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အနောက်ဖွားစောကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ အခြေခံပညာ အလယ်တန်းကျောင်းအတွက် လူငယ်စာပေဆိုင်ရာစာအုပ်စာစောင်များ၊ မဂ္ဂဇင်းစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တောင်ဘီကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ၅ ဒသမ ၂ ဖာလုံဂျင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် လမ်းဘေးရေနုတ်မြောင်းတူးဖော်နေမှုကိုလည်းကောင်း၊ မြင်းကပါကျေးရွာရှိ “ရွှေ” ယွန်းစက်မှုလက်မှုနှင့် ကုန်ထုတ်သမဝါယမအသင်း၏ ယွန်းထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေမှု၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်နေမှုကိုလည်းကောင်း ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နတ်ကြို့အိုင်ကျေးရွာသို့ သွားရောက်ပြီး ကန်မကြီးကန်နှင့် မြောက်စုကန် တူးဖော်နေမှုကိုလည်းကောင်း၊ ကန်ပေါက်အရှေ့ကျေးရွာသို့ သွားရောက်၍ကန်ကြီးကန်နှင့်ကျဉ်ထိုကန်တူးဖော်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ရေကန်နှစ်ကန် တာဝန်ယူတူးဖော်ပေးခဲ့ပြီး အလှူရှင်များ လှူဒါန်းထားသော ရေကန် ၁၀ ကန်ကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က တူးဖော်ပေးလျက်ရှိရာ စုစုပေါင်း ရေကန် ၁၂ ကန်အနက် ရှစ်ကန်ကို ၁၀၀ ရာခိုင်နှုန်း တူးဖော်ပေးပြီးဖြစ်သည်။ ဆောင်ရွက်ဆဲ ကျန်ရေကန် လေးကန်ကိုလည်း ယခုအောက်တိုဘာလကုန်အပြီး တူးဖော်ပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများကို ပြန်ပေးဆွဲငွေညှစ်မှုများ ပြုလုပ်နေကြောင်း မဟုတ်မမှန်ရေးသား ထုတ်လွှင့်လျက်ရှိ




နေပြည်တော် အောက်တိုဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများရှိဒေသခံများကို ပြန်ပေးဆွဲငွေညှစ်မှု၊ ဖမ်းဆီးသတ်ဖြတ်အလေလောင်းဖျောက်မှုများပြုလုပ်နေကြောင်း၊ ကားများကိုလည်း သိမ်းဆည်းကာ ဈေးနှုန်းအမျိုးမျိုးဖြင့် ပြန်ရွေးခိုင်းနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာမဟုတ်မမှန်လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသွားပြည်သူများအေးချမ်းစွာခရီးသွားလာနိုင်ရေးအတွက် လုံခြုံရေးအရ စစ်ဆေးဆောင်ရွက်ခြင်းများသာ ပြုလုပ်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်နေမှုများအား အနှောင့်အယှက်ဖြစ်စေရန်နှင့်ပြည်သူလူထုမှအထင်အမြင်လွဲမှားစေရန်ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင် ခဲ့သည့် “Chaw Shu Thwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့မကွက်သစ်ရပ်ကွက်နေ ချောစုသွယ်အား ညနေ ၄ နာရီ ၅၀ မိနစ်တွင် ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၂၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ **အောက်တိုဘာလ ၂၅ ရက်**၌ ပေါင်းလောင်းရေလှောင်တမံတွင် HED ရေတံခါး ၂၀ ချပ်ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

(သတင်းစဉ်)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၂၅.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၅.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့်ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန်လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၂၈၇ | ၆၂၅.၄၈ | ၅၅၈၃၉၇ | ၁၇၆၄၄ (လျှပ်စစ်) ထုတ်ရေ) | - | - | - | - | ၀.၃၀ | ၆၂၅.၈၁ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၆၅ | ၂၈၇၆၁ | - | ၇.၃၅ | ၇၇၃၉ | - | - | ၀.၁၀ | ၆၂၇.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၂ | ၅၁၉.၁၀ | ၈၉၃၁၃ | ၂၇၂ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၀၄ | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၉ | ၅၀၉.၇၀ | ၁၀၅၅၆ | ၁ | ၂.၃၀ | ၁၇၀၁ | - | - | - | ၅၀၉.၇၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၈၀ | ၄၃၇.၇၉ | ၆၉၃၇၀ | ၂၈၆ | ၁.၂၁ | ၃၆၃၀ | - | - | - | ၄၃၇.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၂၃ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၁ | ၇၄၈၂ | ၁၁ | ၂.၁၉ | ၁၂၃၆ | - | - | - | ၄၁၅.၈၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၂၈ | ၇၀၃.၇၂ | ၁၀၈၆၃၂ | ၂ | ၆.၂၈ | ၃၄၄၅၈ | - | - | - | ၇၀၃.၇၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၅ | ၆၀၁.၉၀ | ၄၉၅ | ၆၁ | ၀.၁၀ | ၅ | - | - | ၀.၂၃ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

## လစဉ်မီတာများစနစ်တကျမှန်ကန်စွာဖတ်ရှုရေးနှင့် ဓာတ်အားလက်ခံမီတာနှင့် ဓာတ်အားဖြန့်ဖြူးမှုမီတာများ စီမံချက်ဖြင့် အမြန်တပ်ဆင်ရေးကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံတို့တွင် လစဉ်မီတာများ စနစ်တကျမှန်ကန်စွာဖတ်ရှုသွားရေး၊ ဓာတ်အားပျောက်ဆုံးမှုများ မှန်ကန်စွာသိရှိနိုင်ရန် ဓာတ်အားလက်ခံမီတာနှင့်ဓာတ်အားဖြန့်ဖြူးမှုမီတာများ စီမံချက်ဖြင့်အမြန်တပ်ဆင်သွားရေးကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံမှ စက်မှုဇုန်စက်ရုံများသို့ ဓာတ်အားဖြန့်ဖြူးထားရှိမှုနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ လစဉ်မီတာများ စနစ်တကျမှန်ကန်စွာဖတ်ရှုရေး၊ လစဉ်ယူနစ်ဖတ်ချက်များ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားရှိရေး မှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ဒဂုံတက္ကသိုလ် ဓာတ်အားခွဲရုံ၊ စက်မှုဇုန်အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၄) ဓာတ်အားခွဲရုံများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုများ မှန်ကန်စွာသိရှိနိုင်ရေးအတွက် ဓာတ်အားလက်ခံမီတာနှင့် ဓာတ်အားဖြန့်ဖြူးမှုမီတာများအား စီမံချက်ဖြင့် အမြန်တပ်ဆင်ရန်၊ စက်မှုဇုန်သုံးဖီဒါများနှင့်အများပြည်သူသုံးဖီဒါများအား စနစ်တကျခွဲခြားဖြန့်ဖြူး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။

သစ္စာ(MNA)

## ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် အောက်တိုဘာ ၂၅



ဥက္ကလာဂေါက်ကွင်းသည် ရန်ကုန်မြို့တွင်းနှင့်အနီးစပ်ဆုံးနေရာတွင်တည်ရှိပြီး နိုင်ငံတကာအဆင့်မီ ကျင်း ၂၇ ကျင်းပါဝင်သောဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ထားရှိကာ နေ့ဘက်တွင်မအားလပ်သူများအတွက် ညဘက်တွင်ပါ Night Golf ကစားနိုင်ရန် စီစဉ်ပေးထားခြင်းများ အပါအဝင် အဆင့်မီဝန်ဆောင်မှုများပေးအပ်လျက်ရှိသောကြောင့် ပြည်တွင်း/ပြည်ပဂေါက်သီးရိုက်အားကစားသမားများ အများအပြားလာရောက်ကစားလျက်ရှိရာ အောက်တိုဘာလ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ဂေါက်သီးရိုက်ကစားသမား ဦးသန်းထွန်းသည် ကစားဖော်များဖြစ်သော ဦးမြင့်အောင်၊ ဦးသန်းရွှေ၊ ဦးထွန်းလှိုင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ်ကျင်းအမှတ်(၁၂)၌ SRIXON No.5 ဘောလုံးကို PING i-2 iron No.5 တုတ်ဖြင့် ၁၃၃ ကိုက်အကွာအဝေးမှရိုက်ရာ တစ်ချက်တည်းကျင်းဝင်(Hole In One)သွားခဲ့သည်။

Hole In One ရရှိသောအဆိုပါကစားသမားကို ဥက္ကလာဂေါက်ကွင်းမှ TRISTAR အမှတ်တံဆိပ်တာယာနှစ်လုံး၊ တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် ငါးကြိမ်လက်မှတ်များကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး ဥက္ကလာဂေါက်ကွင်းတွင် Hole In One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၈၇)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

ဥက္ကလာဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး လာရောက်ကစားသူများအား အကောင်းဆုံးဝန်ဆောင်မှုပေးထားကြောင်း သတင်းရရှိသည်။

(၅၀၀)

❖ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ် . . .

❖ ၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့်မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့်တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများတက်ရောက်ကြသည်။

စာမျက်နှာ ၁၄ ကော်လံ ၁◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

ဆောင်းပါး **တသွင်သွင်စီးဆင်း မြစ်မင်းရောသို့ပမာ** စာ - ၁၃ သို့

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်** စာ - ၇ သို့

